


စိတ်ကူးချိုချိုအနုပညာ

ဒဂုန်ခင်ခင်လေး

# မိုးဒေဝါ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

ရုရှစာရေးဆရာကြီး တော်စတွိုင်း၏
ကမ္ဘာကျော်ဝတ္ထုတစ်ပုဒ်ကို မြန်မာမှုပြု ရေးသားထားသော
စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏
အထူးထုတ်ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။
မူရင်းဝတ္ထုမှာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့နစ်သက်ခဲ့ပြီး
စာဖတ်သူများအနေဖြင့် ဝတ္ထုကိုဖတ်ပြီးသောအခါ
ပြီးပြီးပျောက်ပျောက် မဟုတ်မှဘဲ စဉ်းစားဖွယ်ရာ
ပေါ်ပေါက်လာသော မေးခွန်းပြဿနာများကို
လေးနက်စွာ စဉ်းစားဆင်ခြင်၍ အရသာခံသင့်ကြောင်း
မြန်မာမှုပြုခဲ့သူက တိုက်တွန်းထားပါသည်။

dgk0010

1600.00 Ks

mgyoe.com

မိုးဒေဝါ၏ ဒဂုန်ခင်ခင်လေး
ပန်ချီကျော်ဦးအုန်းလွင်၏ပထမအကြိမ်ထုတ်မျက်နှာဖုံးလက်ရာ၊
စာမျက်နှာ ၁၉၀ မျက်နှာ၊ ၁၂·၈ စင်တီ x ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၄၁ ဒဂုန်ခင်ခင်လေးစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁၆၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မိုးဒေဝါ

## ဒဂုန်ခင်ခင်လေး

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

"ဤမိုးဒေဝါ" ဝတ္ထုကား ကမ္ဘာကျော် ရုရှားလူမျိုးစာရေးဆရာကြီး လီယိုတော်လ်စတွိုင်းရေး "ကရူဆာ –ဆောနတာ" ခေါ် ကမ္ဘာကျော် ဝတ္ထုကြီးကို ဘာသာပြန်ဆို ရေးသားအပ်သော ဝတ္ထုပင်ဖြစ်ပေ၏။ ကရူဆာ ဆောနတာဝတ္ထုကား ဝတ္ထုမည်ကာမတ္တမဟုတ်မူ၍ အဓိက ရည်ရွယ်ချက်ကြီးတစ်ရပ်ဖြင့် ရေးသားအပ်သော ဝတ္ထုကြီးတစ်ခုဖြစ်ပေ၏။ သို့ဖြစ်သဖြင့်လည်း ဤဝတ္ထုကြီးကို ဖတ်ရှု၍သွားရင်းပင်လျှင်သော်လည်းကောင်း၊ ဖတ်ရှု၍ ပြီးစီးသွားသည့် အခါတွင်သော်လည်းကောင်း၊ အခြား အခြားများလှစွာသော ဝတ္ထုများကဲ့သို့ ပြီးပြီးပျောက်ပျောက် မဟုတ်မူ၍ စဉ်းစားဖွယ်ရာ အဖြာဖြာသော ပြဿနာမေးခွန်းတို့သည် ဖတ်ရှုသူပုဂ္ဂိုလ်၏ အထိုက်စရိုက်အလိုက်အားဖြင့် ထိုမှ ဤမှ ပေါ်ထွက်လာတတ်ကြကုန်၏။ ဤဝတ္ထုကို ဖတ်ရှု၍ပြီးသွားသည့်အခါ ထပ်၍ ဖတ်ရှုရန်၊ ထိုသို့ဖတ်ရှုပြီးသည့်အခါ စဉ်းစားဖွယ်ရာပေါ်ပေါက်လာအပ်သော အရပ်ရပ် မေးခွန်းပြဿနာတို့ကို လေးနက်စွာ စဉ်းစားဆင်ခြင်ကြရန် လွန်စွာလိုအပ်လှပေ၏။

mgyoe.com

mgyoe.com



ရုရှားစာရေးဆရာများမှာ ဝတ္ထုကို အပျော်အပါးအတွက် ရည်ရွယ်ခြင်းမရှိရကား ၎င်းတို့ ရေးလေသမျှသောဝတ္ထုတို့သည် ရုရှားပြည်သူပြည်သား ဆင်းရဲသူဆင်းရဲသားတို့ လေးနက်စွာ စဉ်းစား နိုင်းချိန်စေရန် ရည်သန်လမ်းပြ ပြုလုပ်ကြကုန်သည်သာ ဖြစ်ပေ၏။ သို့ပြုလုပ်ကြရာတွင် ဤဝတ္ထုကြီးကိုရေးသားသူ တောလ်စတွိုင်းမှာ အထူးချွန်ဆုံးစာရေးဆရာကြီးဖြစ်ပေ၏။ ၎င်းရေးသော ဝတ္ထုသွားမှာ မူလရည်ရွယ်ရင်း ဖြစ်သော ရုရှားပြည်သူပြည်သား ပရိသတ်များ၏ အပြင်အပသို့ ကျော်လွန်ထွက်ရောက်လျက် တစ်ကမ္ဘာလုံးကိုပင် အံ့ဩလောက်ဖွယ်ရာ ရစ်ပတ်ဆွဲဆောင်နိုင်ခြင်းရှိခဲ့ရကား၊ကရုဆာဆောနတာ ဝတ္ထု၏ဘာသာပြန်ချက်ဖြစ်သော ဤ "မိုးဒေဝါ"ဝတ္ထုကြီးဖြင့် မြန်မာစာပေ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာသည့်အခါ ကျွန်ုပ်တို့မှာ များစွာ ဝမ်းမြောက်ခြင်း ဖြစ်ရပေ၏။ မြန်မာစာပေနယ်နိမိတ်အတွင်းသို့ ခေါ်ဆောင်လာကြပေသော နာမည်ကျော် စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးနှင့်တကွ ပုံနှိပ်ထုတ်ဝေသူများကိုလည်း ကျေးဇူးတင်ဖွယ်ဖြစ်ပေ၏။

တောလ်စတွိုင်းကား အခြားသော ရုရှားစာရေးဆရာကြီးများထက် ပိုမိုထူးခြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေ၏။ ၎င်း ရေးသားလေသမျှသော ဝတ္ထုစာပေတို့သည် ရုရှားပြည်သူပြည်သားတို့ တရားမျှတသော စိတ်ဓာတ် မွေးမြူရင့်သန်ကြစေရန် အထူးအားဖြင့် နှိုးဆော်ခြင်းပြုပေ၏။ မှန်မြတ်သောစိတ်ထား၊ စွန့်စားတတ်သောသတ္တိ၊ ကိုယ်ကျိုးကိုမကြည့်ဘဲ အများသတ္တဝါတို့ ချမ်းသာရာ ချမ်းသာကြောင်း ပွားစည်းရာပွားစည်းကြောင်း ရှေးရှုဆောင်ရွက်စေတတ်သော လုံ့လဝီရိယစသည်အားဖြင့် ရုရှားပြည်သူပြည်သားတို့ စိတ်ဓာတ်ဝယ်၊ အမြဲမပြတ် ကိန်းအောင်းစေရန် ဝတ္ထုကြောင်းဖြင့် ဖန်တီးခြင်းပြုပေ၏။ သို့ဖြစ်ရာ တောလ်စတွိုင်းစာပေတို့မှာ ရုရှားပြည်နယ်နိမိတ်များမှ ကျော်လျှံ၍

mgyoe.com

mgyoe.com



ကမ္ဘာတစ်ခွင်သို့ ချင်းနင်းဝင်ရောက်ကာ ကမ္ဘာ့ခေါင်းဆောင်ကြီးများစွာ တို့ကိုပင် အနည်းနည်းအဖုံဖုံ ကျေးဇူးပြုခဲ့ပေ၏။

တောလ်စတွိုင်း၏ အတ္ထုပ္ပတ္တိကို ဇာစ်မြစ်နှင့်တကွသိရလျှင် ၎င်း၏စာပေတို့မှာ သာ၍ပင် အံ့ဩဖွယ်ရာ အသွင်အပြင်ကို ဆောင်လာကြသည်ကို တွေ့ရလိမ့်မည်ဖြစ်ပေ၏။ တောလ်စတွိုင်းကား ရုရှားစစ်တပ်ထဲတွင် ပါဝင်အမှုထမ်းခဲ့လျက် များစွာကြမ်းတမ်းရမ်းကားခဲ့သူတစ်ဦးဖြစ်ပေ၏။ အလွန်ဆိုးသွမ်းပေတေခဲ့သူ တစ်ဦးဖြစ်ပေ၏။ သို့သော် ပကတိဉာဏ် ရင့်သန်လျက် ပါရမီလည်းရှိသူဖြစ်သောကြောင့် မိမိ၏ သက်တမ်း ၈၂ နှစ်တွင် ကျန်အနှစ် ၅၀ လုံးလုံးကို အထက်ဖော်ပြရာပါ ဝတ္ထုများရေးသားခြင်းဖြင့် တရားဓမ္မဟောပြပြီးလျှင် စရိုက်ကြမ်းသူ၊ မာနထောင်လွှားသူတို့၏ စိတ်ဓာတ်ကို ပြောင်းလွှဲစေလျက် လောကကြီး၏ အဓိပ္ပာယ်သက်ရောက်မှုအစုစုကို နားမလည်သူ၊ နားလည်အောင်မလုပ်နိုင်သူတို့အား မျက်စိပွင့်စေခဲ့၏။ လူဆိုးများအား လူကောင်းဖြစ်စေလျက်၊ လူကောင်းများအား သူတော်စင်ဖြစ်စေရန် ရည်ရွယ်ဖန်တီးခဲ့ပေ၏။ ယခုလက်ရှိ ကမ္ဘာ့ခေါင်းဆောင်ကြီးများအနက် သန်းပေါင်း ၃၀၀ ကျော်၏ ကိုးကွယ်အားထားရာဖြစ်သော မဟာတ္တမဂန္ဒီသည် တောလ်စတွိုင်း၏ စာပေများမှ ပေါင်းစုပေါ်ထွက်လာသကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေ၏။

ယင်းကဲ့သို့ ဝတ္ထုကို အပျော်အပါးသက်သက်အတွက် မဟုတ်ဘဲ လူကိုပြုပြင်ရန်ဟူသော မွန်မြတ်သော ရည်ရွယ်ချက်ကြီးဖြင့် ရေးသားသည့်အခါ ထိုဝတ္ထုများမှာ များစွာတွင်ကျယ်ခြင်း ရှိသင့်ပေ၏။ ဤ "မိုးဒေဝါ"ဝတ္ထုသည်လည်း ရှေ့အဖို့တွင် မွန်မြတ်သောရည်ရွယ်ချက်ဖြင့် ထုတ်ဝေသည့် ဝတ္ထုများတို့ထက် ပွားများတွင်ကျယ်စေရန် လုံလောက်သော အားပေးခြင်းကို ခံယူရရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်ရပေ၏။

mgyoe.com

mgyoe.com


ဤဝတ္ထုကို ဖတ်သည့်အခါ ဖတ်ပြီးပြီးချင်း တစ်ခေါက်ပြန် ဖတ်၍ မိမိ၏စိတ်ထဲ၌ ပေါ်ပေါက်လာအံ့သော အချက်အလက်တို့ကို လေးနက်စွာစဉ်းစားခြင်းဖြင့် ဤဝတ္ထုကြီး၏ ကြီးမားလှသော ရည်ရွယ်ချက်ကို ရှာဖွေတွေ့ရှိ အရသာခံယူတတ်ကြပါစေရန် နှိုးဆော်တိုက်တွန်းလိုက်ရပေ၏။

ချစ်မောင်

၁၃၀၃ –ခု၊ နတ်တော်လဆန်း ၅ ရက်။

❑

mgyoe.com

mgyoe.com

# မိုးဒေဝါ

## အခန်း (၁)

နွေဦးပေါက်စ အချိန်ဖြစ်၏။ ကျွန်တော်တို့သည် မီးရထားပေါ်တွင် နှစ်နေ့နှင့် တစ်ညတိုင်တိုင် ပင်ပန်းဆင်းရဲစွာ နေထိုင်ခဲ့ကြရပေပြီ။ ခရီးတိုသွားကြသူ ခရီးသည်များမှာ ရပ်နားခြင်းမရှိ တက်ချည်ဆင်းချည် ရှိနေကြတော့၏။ သို့ရာတွင် ကျွန်တော်နှင့်အတူ အခြားသော ခရီးသွားသုံးဦးတို့မှာ မီးရထား စတင်ထွက်ခွာလာသောမြို့မှ အစပြု၍ လိုက်ပါလာခဲ့ကြပါသည်။ တစ်ဦးမှာ မိန်းမကြီးဖြစ်လျက်အရွယ်မှာလည်း မငယ် ရုပ်ရည်လည်း များစွာမတင့်တယ်လှပေ။ ဆေးလိပ်ကြီးကို အမြဲ ကိုက်လျက် ယောကျ်ားဝတ်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ကာသက္ကလတ် ဦးထုပ်ငယ်ကလေးကို ဆောင်းထားသည်။ ၎င်း၏မျက်နှာမှာ ဒုက္ခဆင်းရဲကို ကြာရှည်လေးမြင့်စွာ ခံစားခဲ့ရပုံပေါ်လျက်ရှိ၏။ ထိုမိန်းမကြီး၏ မိတ်ဆွေမှာ အသက် ၄၀ ခန့် စကားများသူတစ်ဦး ဖြစ်သည်။ အဝတ်သစ်၊ အစားသစ်များဖြင့် တောက်ပြောင်လျက်ရှိ၏။ အခြားသူ တစ်ဦးမှာကား ပုပုပြတ်ပြတ် လမ်းသွားသည့်အခါ တုန်တုန်ယင်ယင်ရှိလှ၏။ အသက်အရွယ် မကြီးသေးသော်လည်း ကောက်လှသည့် ဆံပင်

mgyoe.com

များမှာ အရွယ်နှင့်မလိုက်အောင် ဖြူဆွတ်လျက်ရှိသည်။ သူ၏မျက်လုံးများမှုကား အရာတစ်ခုခုကို စူးစူးစိုက်စိုက် သတ်သတ်မှတ်မှတ် မကြည့်ဘဲ၊ အမှတ်မဲ့ ဟိုဟိုဒီဒီကို ပျာပျာသလဲ ကြည့်ရှုနေလေသည်။ အခြားသော ခရီးသည်များနှင့်လည်းမရောထွေး တစ်ယောက်တည်းသာလျှင် ထိုင်နေလေသည်။

ထိုသူဝတ်ထားသော အင်္ကျီတို့မှာ အထက်တန်းစား အပ်ချုပ်သမားများ၏ လက်ရာပင်ဖြစ်လျက် ကော်လံနှင့်ကက်ဦးထုပ်တို့မှာ အလွန်မန်းဆန်ကာ အချိုးအစား ကျနလှသည်။ အပေါ်အင်္ကျီ၏အောက်တွင် ကြယ်သီးများပြုတ်နေသဖြင့် အတွင်းခံကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည်ကို တွေ့မြင်ရသည်သာမက ရှပ်အင်္ကျီမှာလည်း ပန်းထိုးအခန့်စားပင်ဖြစ်သည်။ သူသည် ရံဖန်ရံခါ ချောင်းဆိုးသကဲ့သို့လည်းကောင်း၊ ရယ်မောသကဲ့သို့လည်းကောင်း အသံကိုပြုတတ်သည်။ အတူသွားခရီးသည်အဖော်များနှင့် မိတ်ဆွေမဖွဲ့မိစေရန်ကိုလည်း အထူးသတိနှင့်ရှောင်နေပေတော့၏။ အဖော်ခရီးသည်များက မိတ်ဖွဲ့စကားစတင်ပြောကြားလိုက်သော အခါများတွင်လည်း တိုတောင်းသောအဖြေကိုသာပေးလျက်၊ မိမိဘာသာ စာဖတ်၍လည်းကောင်း၊ တံခါးပေါက်မှအပြင်ဘက်သို့ ငေးမောကြည့်ရှု၍လည်းကောင်း နေတော့၏။ သို့တည်းမဟုတ် ဟောင်းနွမ်းသော အိတ်တစ်ခုထဲမှ အစားအသောက်များကိုထုတ်ယူစားသောက်၍လည်းကောင်း၊ လက်ဖက်ရည်ဖျော်သောက်၍လည်းကောင်း နေလေတော့သည်။ ဤကဲ့သို့ တစ်ကိုယ်တည်းနေရသဖြင့် များစွာစိတ်မချမ်းသာဖြစ်လျက်ရှိနေရှာသည်ဟူ၍လည်း ကျွန်တော်ထင်မိ၏။ ထို့ကြောင့် သူ့အား စကားပြောရန် ကျွန်တော်သည် အကြိမ်ကြိမ်ကြိုးစားခဲ့၏။ သို့ရာတွင် ကျွန်တော်နှင့်သူ့မှာ မျက်နှာချင်းဆိုင်၍ ထိုင်နေသူများ ဖြစ်သဖြင့် မျက်စိချင်း အခါပေါင်းများစွာ

mgyoe.com

mgyoe.com

တွေ့ဆုံစေကာမူ သူသည် မျက်နှာလွှဲ၍သာသွားလျက် သူ၏စာအုပ်တွင် စူးစိုက် ဖတ်ရှု၍လည်းကောင်း၊ တံခါးပေါက်အပြင်သို့ ကြည့်ရှု၍လည်းကောင်း နေပါတော့သည်။

ဒုတိယနေ့ ညနေခင်းတွင် ကျွန်တော်တို့၏ မီးရထားမှာ ဘူတာကြီးတစ်ခုသို့ ဆိုက်သဖြင့် တုန်တုန်ယင်ယင်ရှိလှသော ထိုသူသည် လက်ဖက်ရည်ဖျော်ရန် ရေနွေးယူဖို့ ရထားပေါ်မှ ဆင်းသွားပါသည်။ အဝတ်အစားသစ်နှင့်လူမှာ သူ၏အဖော် မိန်းမကြီးနှင့်အတူ ပျော်ပွဲစားခန်းသို့ လက်ဖက်ရည်သောက်ရန် ဆင်းသွားပါသည်။ ထိုသူမှာကားရှေ့နေတစ်ဦးဖြစ်သည်ကို ကျွန်တော် နောက်မှသိရပါသည်။ ထိုလူများရထားပေါ်မှ ဆင်းသွားကြသောအခါ၌ ခရီးသည်အများပင် ကျွန်တော်တို့၏တွဲထဲသို့ တက်ရောက်လာကြပါသည်။ ၎င်းခရီးသည်များအနက်တစ်ယောက်မှာ မုတ်ဆိတ်များကို ကောင်းစွာရိတ်ထားလျက် ကုန်သည်အဘိုးကြီးတစ်ဦးနှင့် သဏ္ဌာန်တူပါသည်။ နဖူးရေတို့မှာ တွန့်လျက်ဝတ်ထားသော သားမွေးအင်္ကျီရှည်ကြီးမှာလည်း ခံ့ညားလှပါသည်။ ခေါင်းတွင်ဆောင်းထားသော အဝတ်, ကက်ဦးထုပ်၌လည်း ကြီးမားသောဦးစွန်းကို တပ်ထားပါသည်။ သူသည် ရှေ့နေနှင့် အဖော်မိန်းမတို့ထိုင်သောခုံနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်၍ထိုင်ပြီးလျှင် နောက်မှတက်လာသော ကုန်တိုက်စာရေးနှင့်ပင် အသွင်တူသည့် လူပျိုကလေးတစ်ဦးနှင့် စကားစတင် ပြောဆိုနေပါသည်။

ကျွန်တော့်မှာ ၎င်းတို့နှင့်မျက်နှာချင်းဆိုင် တွဲ၏ ထောင့်ခပ်လှမ်းလှမ်းတွင် ထိုင်နေပါသည်။ ထိုအချိန်၌ ရထားမှာ ရပ်တန့်နေသဖြင့် လူသွားလမ်းကလေးတွင် လျှောက်သွားနေသူ မရှိသောအခါများ၌ ၎င်းတို့ ပြောဆိုနေကြသော စကားများကို နားစွန်နားဖျားကြားရပါသည်။ ကုန်သည်ကြီးက သူသည် ရှေ့ဆိုက်မည့် ဘူတာကြီးအနီးရှိ

mgyoe.com

mgyoe.com

သူပိုင်လယ်မြေများရှိရာသို့ သွားမည့်အကြောင်း စတင်သတင်းလွှင့်လိုက်ပါသည်။ ထို့နောက် ထိုသတင်းမျိုးနှင့်ပင် ဆက်စပ်ပြောဆိုလေ့ရှိကြသည့် ကောက်ပဲသီးနှံဈေး၊ ကူးသန်းရောင်းဝယ်ရေးများနှင့် မော်စကိုမြို့တွင် ဖြစ်ပျက်လျက်ရှိနေသော လုပ်ငန်းများအကြောင်းတို့ကို ဆွေးနွေးကြပါသည်။ ၎င်းမှ စကားဆက်၍ နီနီနိုဂိုရော့ဈေးအကြောင်းကို ပြောဆိုကြပြန်သည်။ ကုန်တိုက်စာရေးသည် အရက်သောက်ပွဲများနှင့် ထိုဈေးတွင် ဖြစ်ပျက်ဖူးသော ပိုက်ဆံရှိလျက် လူအများသိသော ကုန်သည်ကြီးတစ်ဦး၏ ရမ်းကားမှုအကြောင်းကို စတင်ပြောဆိုလေရာ ကုန်သည်လူကြီးသည် ထိုသူငယ် စကားဆုံးအောင် ပြောခွင့်မပေးဘဲ ရှေးရှေးက ကူနာဗန်ဈေးတွင် သူကိုယ်တိုင်ပါဝင်သည့် သောက်စားမူးယစ်မှုများအကြောင်းကို ကြားဖြတ်၍ပြောပါသည်။ ထိုအဖြစ်အပျက်များတွင် သူပါဝင်ခဲ့သည်ကိုလည်း ဂုဏ်ယူ၍ ပြောဆိုနေပါသည်။ တစ်ခါက ကူနာဗန်ဈေး၌ ဖော်ပြခဲ့ပြီးသော ကုန်သည်လူရမ်းကားကြီးနှင့်ပင် သူသည် တွဲဖက်၍ ရှုပ်ပွေခဲ့ကြပုံများမှာ လူကြားလျှင် မသင့်လျော်သဖြင့် နှစ်ကိုယ်ကြားသာလျှင် ပြောရကြောင်းကို ဗြိန်ရေရှက်ရေ ပြောဆိုပါသည်။ ထိုစကားကိုကြားလျှင် ကုန်တိုက်စာရေးသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရာ မီးရထားတွဲတစ်ခုလုံးမှာ ဆူညံ၍သွားပါသည်။ ကုန်သည်လူကြီးသည်လည်း အားပါးတရရယ်လေသည်။ ထိုသူတို့ပြောစကားထဲမှ တစ်စုံတစ်ရာ စိတ်ဝင်စားဖွယ်ရာ ကြားရလိမ့်မည်ဟု မမျှော်လင့်သဖြင့် ကျွန်တော်သည် နေရာမှထပြီးလျှင် မီးရထားပလက်ဖောင်းတွင် ရထားထွက်ချိန်ထိအောင် အညောင်းပြေလျှောက်ရန်အကြံနှင့် တံခါးဆီသို့လျှောက်သွားရာ တံခါးဝတွင် တွဲထဲသို့ပြန်တက်လာနေသော ရှေ့နေနှင့်အဖော်မိန်းမကြီးတို့ကို တွေ့ရပါသည်။ ၎င်းတို့ကား စိတ်ပါဝင်စားစွာ စကားပြောဆိုလျက် ရှိကြတော့၏။

mgyoe.com

mgyoe.com


"ခင်ဗျား အချိန်ရမယ်မဟုတ်ဘူး။ ဒုတိယခေါင်းလောင်းထိုးတော့မယ်"ဟု စကားများသောရှေ့နေက ကျွန်တော့်အား ပြောလိုက်ပါသည်။

သူပြောသည်မှာ မှန်ပါသည်။ ကျွန်တော်သည် မီးရထားတွဲများ အဆုံးသို့ရောက်လျှင်ပင် ဒုတိယခေါင်းလောင်း ထိုးပါတော့သည်။ ကျွန်တော်သည်လည်း မိမိတွဲသို့ပြန်လာခဲ့ရာ ရှေ့နေနှင့်အဖော်မိန်းမကြီးတို့မှာ မူလလက်စရှိသော အကြောင်းကိုပင် ဆက်လက်ကာ စိတ်ပါလက်ပါ ပြောဆိုနေကြသည်ကို တွေ့ရပါသည်။ ကုန်သည်လူကြီးမူကားသူတို့နှင့် မျက်နှာချင်းဆိုင်ထိုင်လျက် ရှေ့တည့်တည့်ကိုကြည့်ကာ သဘောမကျသဖြင့် သူ၏ပါးစပ်ကို မကြာခဏ ရှုံ့မဲ့၍နေပါသည်။

"ထို့နောက် မိန်းမလုပ်သူက သူ့ယောကျ်ားကို ခပ်ပြောင်ပြောင်ပဲ ရှင်နဲ့ကျုပ် ရှေ့ဆက်ပြီး အတူမနေနိုင်တော့ဘူး။ မနေလိုတော့ဘူး ဘာကြောင့်လဲဆိုတော့" ဟူ၍ ရှေ့နေက ပြုံးချိုသောမျက်နှာထားနှင့် ပြောနေစဉ်အခါ၌ ကျွန်တော့်မှာ ၎င်းရှေ့မှ ဖြတ်ကျော်၍သွားနေပါတော့သည်။

ကျန်အခြားစကားများကိုမူ ကျွန်တော်မကြားလိုက်ရတော့ပါ။ ကျွန်တော်သည် ကျွန်တော့်နေရာသို့ ရောက်သောအခါ၌ အခြားသော ခရီးသွားများ တက်လာနေကြပါသည်။ ထို့နောက် ဂါတ်ဗိုလ်တို့နောက် ဝန်စည်စလယ်များနှင့်ကူလီတစ်ယောက် တက်ရောက်လာပါသည်။ ၎င်းတို့၏အသံများမှာ အချိန်အတော်ကြာကြာ ဆူညံနေသဖြင့် သူတို့နှစ်ဦး ဘာပြောနေကြသည်ကို ကောင်းစွာ ကျွန်တော်မကြားရတော့ပါ။

ဆူသံညံသံများ တိတ်ဆိတ်သွားသဖြင့် ရှေ့နေပြောသော စကားကို ကြားရသောအခါတွင် သူတို့ပြောနေသောအကြောင်းမှာ လူတစ်ဦးတစ်ယောက်နှင့်ဆိုင်သော ကိစ္စများမှ အများနှင့်သက်ဆိုင်သော

mgyoe.com

mgyoe.com

အရေးအကြောင်းများသို့ ကူးပြောင်းသွားသည်ကို သိရှိရပါသည်။ လင်မယားကွာရှင်းမှုများနှင့် သက်ဆိုင်သောအကြောင်းမှာ ယခုအချိန်တွင် ဥရောပတစ်တိုက်လုံးရှိ လူအများက အလေးပြုအရေးယူကာ စဉ်းစားနေကြပြီဖြစ်ကြောင်း ရုရှားပြည်၌ပင် လင်မယားကွာရှင်းခွင့်ကို ရှေးကထက် ပိုမိုများပြားစွာ ခွင့်ပြုနေပြီဖြစ်ကြောင်း စသည်တို့ကို ရှေ့နေက ပြောဆိုလျက်ရှိပါသည်။ တစ်ခဏမျှကြာလျှင် မီးရထားတစ်တွဲလုံးမှာ သူတစ်ဦးတည်းသာလျှင် ကျယ်လောင်စွာ စကားပြောလျက်ရှိသည်ကို သတိရ၍သွားသဖြင့် စကားပြောရပ်၍သွားပြီးနောက် လူကြီးဘက်သို့လှည့်လျက် ....

"ရှေးကဆိုရင် သည်ကဲ့သို့မဟုတ်ဘူးဆိုတာ ကျွန်တော် အသေအချာ သိရပါတယ်။ ဟုတ်ကဲ့ မဟုတ်လား" ဟူ၍ ခပ်ပြုံးပြုံး ပြောလိုက်ပါသည်။

ကုန်သည်လူကြီးလည်း ပြန်၍ဖြေကြားမည်ပြုပြီးမှ မီးရထားထွက်စပြုသောကြောင့် ခေါင်းမှ ကက်ဦးထုပ်ကိုချွတ်ကာ လက်ဖြင့်လက်ဝါးကပ်သဏ္ဍာန်ပြုပြီးလျှင် တီးတိုးဆုတောင်းလိုက်ပါသည်။ ရှေ့နေသည်လည်း တခြားသို့ မျက်နှာလှည့်လိုက်လိုက်ပြီးလျှင် လူကြီးဆုတောင်းဆုယူ ပြုပြီးသည့်တိုင်အောင် ယဉ်ကျေးစွာ စောင့်ဆိုင်းနေပါသည်။ ဆုတောင်းပြီးသောအဆုံး၌ လူကြီးသည် သုံးကြိမ်တိုင်တိုင် လက်ဝါးကပ်ပုံသဏ္ဍာန်ပြုပြီးလျှင် ကက်ဦးထုပ်ကိုယူကာ ခေါင်းပေါ်၌ ကောင်းစွာဖိနှိပ်၍ ဆောင်းလိုက်ပြီးလျှင် နေရာတွင်ပြင်၍ထိုင်လိုက်ပြီး ဆက်၍ စကားပြောပြန်ပါသည်။

"ရှေးရှေးကလည်း ရှိခဲ့ပါတယ်။ ယခုအခါမှာလောက်တော့ဖြင့် မများပါဘူး။ သို့ပေတဲ့ ယခုအခါမှာတော့ တခြားနည်းလမ်းမရှိနိုင်တော့ဘူး။ လူတွေဟာက အင်မတန် အသိဉာဏ်တွေ တိုးပွားလာကြပြီကပဲ"

mgyoe.com

mgyoe.com

မီးရထားမှာ မြန်သည်ထက်မြန်၍ ခုတ်မောင်းသည်ဖြစ်ရကား ဂျုံးဂျုံးဒိုင်းဒိုင်းနှင့် အသံမြည်၍နေသဖြင့် သူတို့ပြောနေကြသော စကားများကို လိပ်ပတ်လည်အောင် ကြားဖို့ရန် ခဲခက်လျက်ရှိပါတော့သည်။ ထို့ကြောင့် ၎င်းတို့ပြောဆိုနေသော စကား၌လည်း ကျွန်တော့်မှာ စိတ်ဝင်စားနေပြီဖြစ်ရကား၊ စကားပြောသူများအနီးသို့ ကျွန်တော်တိုး၍ သွားပါသည်။ ကျွန်တော်၏အနီးရှိ တုန်တုန်ယင်ယင်ရှိလှသည့် ခရီးသည်ကြီးမှာလည်း မျက်လုံးများတောက်ပြောင်လာကာ စိတ်ဝင်စားလျက်ရှိနေသည်ကို ကျွန်တော်တွေ့မြင်ရပါသည်။ သူသည်လည်း ကျွန်တော်ကဲ့သို့ပင် ၎င်းတို့ပြောနေသောစကားများကို ကြားရလေအောင် နားထောင်လျက်ရှိပါတော့သည်။ သို့ရာတွင် သူ၏နေရာတွင်ပင် ထိုင်၍ နေပါသည်။

"ပညာသင်ကြားပေးခြင်းဟာ ဘယ်လိုမကောင်းကျိုးကို ပေးပါသလဲ" ဟု မိန်းမကြီးက မပြုံးတပြုံးကလေး မေးမြန်းလိုက်ပြီး ဆက်လက်၍ "ရှေးထုံးရှေးနည်းအတိုင်း လက်ထပ်ထိမ်းမြားကြတာဟာ ကောင်းတယ်လို့လည်း အသေအချာ မယူဆနိုင်ပါဘူး။ ရှေးတုန်းက ဆိုရင် လက်မထပ်မီ တစ်ဦးနဲ့တစ်ဦး ကောင်းကောင်းတွေ့မြင်ကြရတာ မဟုတ်ဘူး။ တစ်ဦးကိုတစ်ဦး ချစ်ကြိုက်ရဲ့လား ဆိုတာကိုလည်း မသိကြရဘူး။ တစ်ဦးကိုတစ်ဦး ချစ်ကြိုက်နိုင်ပါ့မလား ဆိုတာကိုလည်း မပြောနိုင်ဘူး။ သို့ပေတဲ့ ကိုယ်နဲ့လက်ထပ်မည့်လူဟာ၊ ဘယ်သူလဲ ဆိုတာမသိဘဲ လက်ထပ်ကြပြီး တစ်သက်လုံး စိတ်ဆင်းရဲခြင်းကိုခံကြရပါတယ်။ သည်လိုပြုလုပ်ကြတာဟာ သာလွန်ကောင်းမွန်တယ်လို့ ရှင်ထင်မြင်သလား" ဟူ၍ သူနှင့်ပြောနေသော လူကြီးကိုသာ မဟုတ်ဘဲ ကျွန်တော်နှင့်ရှေ့နေကိုပါ ပြောဆိုလျက်ရှိနေပါတော့သည်။

"ယခုအချိန်မှာ လူတွေဟာ အလွန်တရာ အသိဉာဏ်တွေ

mgyoe.com

mgyoe.com


တိုးပွားနေကြပါတယ်" ဟူ၍ပင် ကုန်သည်လူကြီးက မိန်းမကြီးအား အထင်အမြင်သေးသည့် မျက်နှာထားနှင့် ခေါင်းငဲ့ကြည့်ရှုရင်း ထပ်မံ ပြောဆိုပြန်ပါသည်။ မိန်းမကြီး၏ မူလမေးခွန်းကိုမူကား မဖြေကြား ချေ။

"အသိဉာဏ်တိုးပွားခြင်းနဲ့ အကြင်လင်မယားတို့ မသင့်မတင့် ဖြစ်ခြင်းဟာ ဘယ်လိုသက်ဆိုင် ဆက်သွယ်တယ်ဆိုတာ သိရလျှင် အင်မတန်ဝမ်းသာမှာပဲ" ဟု ရှေ့နေက ပြုံး၍ပြောလိုက်၏။

ကုန်သည်လူကြီးသည် တစ်စုံတစ်ရာ ဖြေကြားမည်အပြုတွင် မိန်းမကြီးက ကြားဝင်၍ ...

"ဟိုတုန်းက အချိန်မျိုးတွေဟာ ဘယ်တော့မှ ပြန်ရောက်တော့ မယ်မဟုတ်ပါဘူး" ဟု ပြောလိုက်၏။

သို့ရာတွင် ရှေ့နေက မိန်းမကြီးအား ဟန့်တားလိုက်ပြီး "သူ ဆိုလိုတဲ့ အဓိပ္ပာယ်ကို ရှင်းလင်းပါစေဦး" ဟု ပြောလိုက်လေ၏။

"အသိဉာဏ်တွေကြောင့် မိုက်မဲမှုတွေ ပေါ်လာရတာပေါ့"ဟူ ၍ ကုန်သည်ကြီးက ပြောလိုက်၏။

"ထိုသူတွေဟာ တစ်ဦးကိုတစ်ဦး မချစ်ကြိုက်သောသူများကို လက်ထပ်ထိမ်းမြားပေးကြတယ်၊ ပြီးတော့ ဒီလိုလင်မယားတွေ သင့် သင့်တင့်တင့် ပေါင်းသင်းခြင်း မရှိကြတော့မှ အံ့သြကြတယ်" ဟူ၍ မိန်းမကြီးက ရှေ့နေကိုလည်းကောင်း၊ ကျွန်တော့်ကိုလည်းကောင်း၊ ကုန်တိုက်စာရေးကိုလည်းကောင်း ကြည့်၍ပြောလိုက်လေသည်။ ထို့ နောက် ဆက်လက်၍ "တိရစ္ဆာန်တွေကိုမှ ဒီလိုပြုလုပ်နိုင်ကြမှာပါ။ ပိုင်ဆိုင်တဲ့ အရှင်သခင်ရဲ့ အလိုကျအတိုင်း စီမံကြတယ်။ သို့ပေတဲ့ ယောကျ်ား၊ မိန်းမတို့မှာတော့ မိမိတို့ကိုယ်စီမှာ အကြိုက်တစ်မျိုးစီ မကြိုက်တာတစ်မျိုးစီ ရှိကြပါတယ်"

mgyoe.com

mgyoe.com


ထိုအခါတွင် ကုန်သည်ကြီးက "သည်လိုမပြောထိုက်ပါဘူး၊ တိရစ္ဆာန်က တိရစ္ဆာန်ပဲ၊ လူမှာတော့ တရားဥပဒေများ ရှိကြတယ်"ဟု ပြောလိုက်ပါသည်။

"မှန်ပါတယ်။ သို့ပေတဲ့ မိန်းမတစ်ယောက်ဟာ သူ မချစ်မနှစ်သက်တဲ့လူနဲ့ ဘယ်လိုလုပ်ပြီး အတူနေပါ့မလဲ" ဟူ၍ မိန်းမကြီးက မိမိအသစ်အဆန်းဟူ၍ ယုံကြည်နေသော စိတ်ကူးများကို ဆက်လက်ပြောပြရန် စကားပလ္လင်ခံအဖြစ်ဖြင့် မေးမြန်းလိုက်၏။

"ရှေးရှေးက သည်လိုကိစ္စတွေကို အရေးမယူကြဘူး။ ယခုအချိန်မှသာ ခေတ်စားလာတာ၊ ထစ်ခနဲရှိရင် မယားလုပ်သူက "ရှင်နဲ့ ကျွန်မ မပေါင်းနိုင်ဘူး" ဆိုပြီး ရန်ထောင်တာပါပဲ၊ တောသူတောင်သားဆင်းရဲသားများကတောင် သည်အပြုအမူတွေကို အတုယူလာကြပြီ။ မယားလုပ်သူက "ဒီမယ် ... ရှင့်ပစ္စည်းတွေကို ရှင်ယူပေတော့ ကျွန်မ မောင်ဖြူနဲ့ လိုက်သွားတော့မယ်၊ သူက ရှင့်ထက် ဆံပင်ကောင်းတယ်" ဒီလိုပြောပြီး မောင်ဖြူနဲ့နေရင် ချမ်းသာမည့်အကြောင်း စိတ်ကူးနှင့် ရူးနေတော့တာပဲ၊ ဒါကြောင့် မိန်းမများ ကြောက်ရွံ့နေဖို့ဟာ အရေးအကြီးဆုံးဖြစ်တယ်" ဟူ၍ ကုန်သည်ကြီးက လေးလေးနက်နက် ပြောပြပါသည်။

ကုန်တိုက်စာရေးသည် ရှေ့နေကိုလည်းကောင်း၊ မိန်းမကြီးကိုလည်းကောင်း ကျွန်တော့်ကိုလည်းကောင်း ကြည့်လျက် မပြုံးတပြုံးလုပ်ကာ အခြားသူများ၏ သဘောတူချက် ကန့်ကွက်ချက်ကို စောင့်စားလျက်ရှိပါသည်။

"ဘယ်လိုကြောက်ရွံ့ပုံမျိုးလဲ ..." ဟု မိန်းမကြီးက မေးလိုက်၏။

"မယားလုပ်သူသည် သူ၏လင်ယောကျ်ားကို ကြောက်ရွံ့ရမည်ဆိုတဲ့ စကားအတိုင်းပဲ၊ သည်ကြောက်ရွံ့ပုံမျိုးကို ဆိုလိုပါတယ်"

mgyoe.com

mgyoe.com


"ဟိုအချိန် ဟိုအခါတွေကို လွန်မြောက်ခဲ့တာ ကြာပါပြီ ဆရာကြီးရဲ့"ဟု မိန်းမကြီးက ခါးခါးသီးသီးပြောလိုက်လေ၏။

"မဟုတ်တာပဲ အချိန်အခါဆိုတာ ဘယ်တော့မှ မကုန်ဆုံးဘူး။ သမ္မာကျမ်းအတိုင်း မိန်းမဆိုတာ ယောကျ်ားရဲ့နံရိုးနဲ့ ဖန်ဆင်းထားတာဖြစ်လို့ မူလအတိုင်းပဲ ဘယ်တော့မှ ပြောင်းလဲခြင်းမရှိဘူး" ဟူ၍ ကုန်သည်လူကြီးသည် နက်နဲစွာ ပြန်လည်ချေပလိုက်၏။ ကုန်တိုက်စာရေးသည် ထိုလူကြီး၏ အနိုင်ရပြီဟူသောဟန်ဖြင့် ပြောလိုက်သည်ကိုတွေ့မြင်ရလျှင် လူကြီးပင်နိုင်တော့မည်ဟူ၍ ယူဆကာ အားရပါးရရယ်မောလိုက်လေ၏။

"ဟုတ်ပါတယ်၊ သည်ကိစ္စမှာ ယောကျ်ားဟူသရွေ့ဟာ သည်လိုချည်း ငြင်းချက်ထုတ်ချင်ကြတာပဲ။ ကိုယ့်အတွက်ကိုတော့ လွတ်လပ်ရေးပေးပြီး မိန်းမတွေကိုတော့ သံချိုင့်ထဲမှာ ထည့်ထားချင်ကြတယ်။ ကိုယ့်လွတ်လပ်ခွင့်ကိုတော့ အဖက်ဖက်က ပြည့်စုံအောင် အင်မတန်လုံ့လဝီရိယနဲ့ ဂရုစိုက်ကြတယ်" ဟူ၍ မိန်းမကြီးသည် အရှုံးမပေးလိုသောကြောင့် ပြန်လည်ချေပပြန်သည်။

"လွတ်လပ်ခွင့်ကို ဘယ်သူကမှ ကျုပ်တို့ကို ပေးတာမဟုတ်ဘူး။ ယောကျ်ားတစ်ဦးဟာ အပြင်အပမှာ အကျင့်ဖောက်ပြားပြီး ဘယ်တော့မှ အိမ်တွင်းကို သားသမီးအဆွယ်အပွား သွင်းမလာခဲ့ဘူး။ မိန်းမဆိုတာကတော့ စိတ်မခိုင်ဘူး"

ဤကဲ့သို့ ကုန်သည်ကြီးက လေးနက်ခံ့ညားပြတ်သားစွာ မိမိ၏ ထင်မြင်ချက်များကို ပြောလိုက်လျှင် နားထောင်နေကြသောသူတို့၏ စိတ်တွင် များစွာထိခိုက်လျက် မိန်းမကြီးပင် အတော်ပျော့၍ အရှုံးပေးရတော့မလောက် ဖြစ်သွားပါသည်။ သို့ရာတွင် အရှုံးကားမပေးချေ။

"မှန်ပါတယ်။ သို့ပေတဲ့ မိန်းမဟာလည်း လူပါပဲ။ ယောကျ်ား

mgyoe.com

.mgyoe.com


တွေလိုပဲ အာရုံခြောက်ပါးရှိတယ် ဆိုတာကိုတော့ ရှင်ဝန်ခံရလိမ့်မယ်။ ဒီတော့ မိန်းမက သူ့ယောကျ်ားကို သူမချစ်ခဲ့သော် ဘယ်လိုလုပ်ရမလဲ"

"မိန်းမက ယောကျ်ားကို သူမချစ်ဘူးတဲ့လား၊ ဒီလိုဆိုရင်တော့ ဖြင့် မပူပါနဲ့၊ ယခုမချစ်သေးရင် နောက်တော့ ချစ်လာပါလိမ့်မယ်" ဟူ၍ လူကြီးက ပြန်ပြောလိုက်လျှင် ထိုအချက်ကို ကုန်တိုက်စာရေးမှာ များစွာသဘောကျသဖြင့် ထောက်ခံသည့်အသံမျိုးကို ပြုလိုက်လေသည်။

"နောက်ကျတော့လည်း မချစ်ဘူးတဲ့ရှင် အချစ်ဆိုတာ အစက မရှိရင် နောက်ဘယ်လိုလုပ်လို့မှမရဘူး"

"ကောင်းပါပြီ မိန်းမဟာ ယောကျ်ားအပေါ်မှာ သစ္စာဖောက်ရင် ဘာလုပ်ရမလဲ" ဟု ရှေ့နေက မေးလိုက်လေ၏။

"ဒီအချက်ကို ဘယ်တော့မှထည့်ပြီး မစဉ်းစားရဘူး။ ဒီလို မဖြစ်အောင် အမြဲသတိပြုရမယ်"ဟု လူကြီးက ပြန်ဖြေလိုက်ပါသည်။

"မှန်ပါတယ် ဒါပေတဲ့ သတိဝီရိယနဲ့ စောင့်ရှောက်လို့မရရင် ဘာလုပ်ရမလဲ ဒီလိုမရတာတွေလည်း တကယ်ပဲ ရှိနေကြပါပြီ"

"ကျုပ်တို့ရဲ့ ဆွေဆွေမျိုးမျိုး မိတ်သင်္ဂဟထဲမှာတော့ အခြား ဘာပဲဖြစ်ဖြစ် ဒီကိစ္စမျိုးတော့ မကြားဖူးပါဘူး"ဟု ကုန်သည်ကြီးက ပြန်ပြောပါသည်။

လူအားလုံးတို့သည် တိတ်ဆိတ်၍သွားပါသည်။ ကုန်တိုက် စာရေးမှာ မိမိနေရာမှထလျက် အနည်းငယ်တိုး၍လာပြီးလျှင် အခြား သူများထက် မည့်ရလေအောင် ပြုံးချိုစွာဖြင့် "မှန်ပါတယ် ကျွန်တော် တို့အထဲမှာ ဖြစ်ပွားတဲ့ လူကဲ့ရဲ့စရာ အဖြစ်အပျက်တစ်ခုရှိပါတယ်။ ဘာကြောင့်ဖြစ်တယ်ဆိုတာကိုတော့ ရှင်းပြဖို့ခက်ပါတယ်။ မိန်းမလုပ် သူက ခပ်ပျံ့ပျံ့ပြန်အစားထဲကပါ။ ဒီတော့ ဓာတ်ရုပ်တွေကို ခင်းတာပါ ပဲ။ လင်ယောကျ်ားကတော့ လူကောင်းပါ။ ပါးနပ်တဲ့ လူတစ်ယောက်

mgyoe.com

mgyoe.com

ပါပဲ။ မိန်းမက ဈေးဆိုင်ထိုင်တဲ့ လူငယ်ကလေးတစ်ယောက်နဲ့ အဆက်အသွယ် လုပ်ပါတယ်။ ဒီတော့ ယောက်ျားက ချိုချိုသာသာပါပဲ၊ ကောင်းကောင်းမွန်မွန်နေဖို့ ဖျောင်းဖျပါတယ်။ သို့သော်လည်း မိန်းမဟာ နားမထောင်ပါဘူး။ သူထင်ရာလုပ်ပါတယ်။ လင့်ဆီက ပိုက်ဆံတွေကို ခိုးတာမိလို့ ယောက်ျားက ရိုက်ပါတယ်။ ဒီတော့ ဘာဖြစ်သလဲသိလား၊ မိန်းမဟာ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာပြီး နောက်ဆုံး ရေဝတီလူမျိုးတစ်ယောက်နဲ့ လိုက်ပြေးပါတယ်။ ဒီတော့ ယောက်ျားဟာ ဘာလုပ်ရမလဲ၊ မိန်းမကို စွန့်ပစ်လိုက်ပြီး သူ့ဘာသာ တစ်ကိုယ်ရေတစ်ကာယတည်း နေလိုက်ပါတယ်။ မိန်းမမှာတော့ ဘဝဆုံးတဲ့အဖြစ် ရောက်တာပါပဲ"

"ယောက်ျားလုပ်တဲ့လူ မိုက်မဲလို့ပေါ့၊ သူသာအစက တားမြစ်ပေးရင် ကောင်းကောင်းထိန်းပေးရင် သည်လိုဘယ်ဖြစ်မလဲ ယနေ့မှာ သူနဲ့ပဲ အတူတူနေမှာပဲ အစကတည်းက သူတို့ထင်သလို မလုပ်စေနဲ့၊ မြင်းကိုလည်း လယ်ကွင်းထဲမှာ မယုံစားနဲ့၊ မယားကိုလည်း အိမ်မှာ မယုံစားနဲ့လို့ စကားပုံအရှိသားပဲ မဟုတ်လား"

ထိုအချိန်တွင် ဂါတ်ဗိုလ် တက်ရောက်လာပြီးနောက် ရှေ့ဘူတာတွင်ဆင်းမည့် လူများထံမှ လက်မှတ်များကို သိမ်းပါသည်။ ကုန်သည်လူကြီးလည်း သူ၏လက်မှတ်များကို ပေးလိုက်ပါသည်။

"မှန်ပါတယ် မိန်းမများကို အချိန်ရှိတုန်းအခါက ဆုံးမသင့်ပါတယ်။ အချိန်လွန်ရင် ဘာမှ လုပ်မရတော့ပါဘူး"

"ဦးမင်း ယခုပြောတာနဲ့ မကြာမီက ဦးမင်းပြောတဲ့ ယောက်ျားတွေ ကူနာဗန်ဈေးမှာ ပျော်ပါးကြတဲ့အကြောင်းကို ဘယ်လို ညှိနှိုင်းကြည့်ရပါမလဲ" ဟူ၍ ကျွန်တော့်မှာ တိတ်၍မနေနိုင်တော့သဖြင့် ပါဝင်မေးမြန်း လိုက်မိပါသည်။

"ဟိုကိစ္စကတော့ တခြားပဲ မောင်ရင်၊ ဘာမှမဆိုင်ပါဘူး"

mgyoe.com

mgyoe.com


ဟု လူကြီးကဖြေကြားပြီး ဘာမှထပ်မံ၍ မပြောတော့ပါ။

မကြာမီပင် မီးရထား၏ စူးရှသောမှုတ်သံကို ကြားရပါသည်။ ထိုအခါတွင် ကုန်သည်လူကြီးသည် အကျီမျိုးများကို ကျနစွာပြင်ဆင်ဝတ်လျက် ယူစရာပစ္စည်းကလေးများကို ယူဆောင်ကာ ဦးထုပ်ကိုချွတ်လျက် နှုတ်ဆက်ပြီး တွဲထဲမှ ထွက်၍သွားပါတော့သည်။

❑

mgyoe.com

mgyoe.com

# အခန်း (၂)

ထိုလူကြီး ထွက်သွားပြီးနောက် ခဏကြာလျှင် မူလအကြောင်းကိုပင် ပြန်၍ကောက်ကြပါသည်။ တစ်ချိန်တည်းတွင် လူအများသည် တစ်ယောက်တစ်ခွန်း ပြောကြပါသည်။

"ရှေးကျတဲ့ ငါ့မင်းငါ့ချင်း သမားကြီးတစ်ဦးတော့ သွားပြီ"ဟု စာရေးက ပြောပါသည်။

"ကိုယ့်အိမ်မှာ ကိုယ်ဘုရင်လုပ်ပြီး ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်တဲ့ လူမျိုးပေပေါ့၊ မိန်းမနဲ့ လက်ထပ်ထိမ်းမြားတယ်ဆိုတဲ့ ကိစ္စမှာ ဘယ်လောက် အယူအဆဆိုးဝါးသလဲဆိုတာသာ ကြည့်ပေတော့ ..."ဟု မိန်းမကြီးက ပြောလိုက်ပါသည်။

"မှန်ပါတယ် ကျွန်တော်တို့ဟာ လင်မယားကိစ္စမှာ ဥရောပတိုက်သားများ ယူဆပုံနဲ့ အင်မတန်မှပဲ ကွာခြားပါသေးတယ်"ဟု ရှေ့နေက ပြောလိုက်ပြန်ပါသည်။

"ယခုန လူကြီးလို လူစားမျိုးဟာ မချစ်ဘဲနဲ့ပေါင်းသင်းနေကြတဲ့ လင်မယားဟာ လင်မယားကို မဟုတ်ဘူးဆိုတာ သူတို့နားမလည်ဘူး၊

mgyoe.com

mgyoe.com


လင်မယားပေါင်းသင်းမယ်ဆိုရင် အချစ်ကိုပဓာနထားမှ ဖြစ်ပါတယ်။ တစ်ဦးကိုတစ်ဦး ချစ်ပြီးယူကြတဲ့ လင်မယားမှသာ တကယ့်လင်မယား ပါ" ဟု မိန်းမကြီးက ပြောပါသည်။

စာရေးသည် မိမိ နောင်ကို အသုံးချရန်အတွက် ဗဟုသုတများ ကို ရနိုင်သမျှရရှိရန် မှတ်ထားရင်း နားထောင်ကာပြုံး၍နေလေသည်။ ထိုမိန်းမကြီးပြောဆိုနေသော စကားအလယ်လောက်တွင် ချောင်းဆိုးသံ လိုလို၊ ရယ်မောလိုက်သံလိုလို အသံတစ်ခုကို ကြားရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ ဆံပင်ဖြူနှင့် တစ်ဦးတည်းထိုင်နေသော ကျွန်တော် ၏နေရာအနီးမှ အဘိုးကြီးသည် ကျွန်တော်တို့ ပြောဆိုနေသော စကား များကို စိတ်အားထက်သန်စွာ နားထောင်နေရာက ကျွန်တော်တို့အနီး သို့တိုးတက်၍ နီးကပ်စွာရောက်နေသည်ကို တွေ့ရပါတော့သည်။ သူ့မှာလည်း စိတ်ကို များစွာထိခိုက်နေသကဲ့သို့ မျက်နှာများနီးမြန်း လျက် တုန်ယင်နေပါသည်။

"ဘယ်လိုအချစ်မျိုးကို ဆိုလိုပါသလဲ၊ လင်မယားအရာမြောက် အောင် ဘယ်လိုအချစ်မျိုး လိုအပ်ပါသလဲ" ဟု လူကြီးက မေးလိုက်ပါ တော့သည်။

လူကြီးမှာ အလွန် တုန်လှုပ်ချောက်ချားနေသဖြင့် မိန်းမကြီး သည် သာယာချိုအေးသောအသံဖြင့် "တကယ့်အချစ် အချစ်စစ် အချစ် မှန်ကို ဆိုလိုပါတယ်။ လင်နဲ့မယားဟာ ဒီလိုအချစ်မျိုးနဲ့ ချစ်ကြလျှင် ရာသက်ပန် ပေါင်းသင်းနိုင်ကြပါတယ်" ဟု ရှင်းလင်းပြောပြပါသည်။

"မှန်ပါတယ်၊ သို့ပေတဲ့ တကယ့်အချစ်နဲ့ အချစ်စစ် အချစ်မှန် ဆိုတာကို ကျုပ်တို့ဘယ်လို နားလည်ရပါမလဲ" ဟု လူကြီးက မရဲတရဲ ပင် ထပ်မံမေးမြန်းပြန်ပါသည်။

"ဒါတော့ အချစ်ဟာ ဘယ်လိုဆိုတာ လူတိုင်းသိကြပါတယ်"

mgyoe.com

mgyoe.com

ဟု မိန်းမကြီးက ဖြေပြန်၏။

"ကျုပ်တော့ဖြင့်မသိဘူး၊ ခင်ဗျားအဓိပ္ပာယ်ကိုပဲ ခင်ဗျား တစ်ဆိတ်ရှင်းလင်းစမ်းပါ"

"ဒါကတော့ လွယ်ပါတယ်" ဟု မိန်းမကြီးက ပြန်ပြောလိုက်ပြီး အချိန်အနည်းငယ်ခန့် စဉ်းစားသလိုလိုနှင့် တွေဝေ၍သွားပါသည်။ ထို့နောက်မှ ဆက်လက်၍ "အချစ်ဆိုတာ ဘာလဲဆိုရင် အချစ်ဆိုတာ လူအများထဲက တစ်ဦးတည်း တစ်ယောက်တည်းကို ထူးကဲပိုမိုပြီး ချစ်ကြိုက်တာကို ဆိုလိုပါတယ်" ဟု ပြောလိုက်၏။

"အချိန် ဘယ်လောက်ကြာကြာကြီး ထူးကဲပိုမိုပြီး ချစ်ရမတဲ့လဲ၊ တစ်လလား၊ နှစ်ရက်လား၊ နာရီဝက်လား" ဟု မေးရင်း ရယ်မောနေပါသည်။

"ရှင်ပြောနေတာက တခြားပဲ၊ တခြားကိစ္စတစ်ခုခု ရှင့်စိတ်ထဲမှာ ရှိနေတယ်ဆိုတာ ထင်ရှားနေပါတယ်"

"မရှိပါဘူး။ ခင်ဗျားပြောနေတဲ့အကြောင်းကိုပဲ ကျွန်တော် ပြောနေတာပါပဲ"

ထိုအခါတွင် ရှေ့နေကြားဝင်၍ "သည်ဒေါ်ဒေါ်ပြောဆိုတာက ယောကျ်ားနဲ့မိန်းမ လက်ထပ်ကြတဲ့ကိစ္စမှာ တစ်ဦးကိုတစ်ဦး မေတ္တာရှိဖို့၊ ချစ်ဖို့ဟာ အရေးအကြီးဆုံးလို့ ဆိုပါတယ်။ သည်လို တစ်ဦးကို တစ်ဦးမေတ္တာမရှိဘူး မချစ်ဘူးဆိုလျှင် လက်ထပ်ထိမ်းမြားဖို့ မသင့်ဘူးလို့ဆိုလိုပါတယ်။ နောက်တစ်ခုက လက်ထပ်ထိမ်းမြားကြတဲ့အခါ ပြောခဲ့တဲ့မေတ္တာနဲ့ ချစ်ခြင်းကင်းခဲ့လျှင် ထိုသူနှစ်ဦးကို ခိုင်မြဲစွာ စည်းနှောင်မည့် နှောင်ကြိုးလိုနေတယ်လို့ ဆိုလိုပါတယ်။ ဒေါ်ဒေါ် ပြောတာ သည်အဓိပ္ပာယ်ပဲ မဟုတ်လား" ဟု မိန်းမကြီးဘက်သို့ လှည့်၍ မေး လိုက်ပါသည်။

mgyoe.com

mgyoe.com


မိန်းမကြီးလည်း ရှေ့နေ၏ ရှင်းလင်းချက်ကို သဘောကျသဖြင့် ခေါင်းကိုညိတ်၍ပြလိုက်၏။

"နောက်တစ်ချက်ကတော့" ဟူ၍ ရှေ့နေက စကားဆက်၍ ပြောလိုက်လျှင် တုန်ယင်နေသော လူကြီးသည် မီးခဲတမျှ နီရဲတောက်ပြောင်နေသော မျက်လုံးကြီးများကို ပြူးလျက် ကြာရှည်လေးမြင့်စွာ တိတ်၍ မနေနိုင်တော့သဖြင့် ရှေ့နေ၏ စကားကို ဟန့်တားလိုက်ပြီး–

"မဟုတ်ပါဘူး၊ ခင်ဗျားတို့ပြောနေတဲ့ အကြောင်းကိုပဲ ကျွန်တော် ပြောနေတာပါပဲ။ လူတစ်ဦးက အခြားတစ်ဦးကို ထူးကဲပိုမိုပြီး ချစ်ကြိုက်တဲ့အကြောင်းကိုပဲ ကျွန်တော် ပြောတာပါပဲ။ သို့ပေတဲ့ ကျွန်တော် မေးတာက ဘယ်လောက်ကြာကြာ ထူးကဲပိုမိုပြီး ချစ်ကြိုက် ရမလဲဆိုတဲ့ အချက်ပါ"

"ဘယ်လောက် ကြာကြာလဲ ဟုတ်လား၊ ကြာရှည်လေးမြင့်စွာပေါ့ရှင် အသက်ထက်ဆုံးပေါ့" ဟု ခေါင်းခါခါ လည်ခါခါနှင့် မိန်းမကြီးက ပြန်ပြောပါသည်။

"မှန်ပါတယ် သည်လိုကြာကြာ ချစ်ကြိုက်တယ်ဆိုတာမျိုးက ပုံပြင်ဝတ္ထုများထဲမှာသာ ရှိပါတယ်။ လူတို့ရဲ့ တကယ့်အဖြစ်အပျက်များမှာတော့ သည်လိုမဟုတ်ပါဘူး။ လူတို့ရဲ့ တကယ့်အဖြစ်အပျက်များမှာ လူတစ်ဦးက အခြားတစ်ဦးကို ထူးထူးကဲကဲချစ်တယ် ကြိုက်တယ်ဆိုတဲ့ ကိစ္စဟာ နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲတာ အင်မတန်ရှားပါတယ်။ များသောအားဖြင့် လပေါင်းများစွာ တည်တံ့ပါတယ်။ ရံဖန်ရံခါ ရက်သတ္တအပတ်ပေါင်းများစွာ ရံဖန် ရံခါ ရက်ပေါင်းများစွာ တစ်ခါတစ်ရံ နာရီပေါင်းများစွာသာ တည်တံ့ပါတယ်"ဟု သူပြောသောစကားများကို ကြားရသူအားလုံး မျက်လုံးမျက်ဆန် ပျာပျာသလဲဖြစ်သည်ကို သိရှိလျက် ဤသို့ဖြစ်သည်ကို သဘောကျသကဲ့သို့သော အမူအရာဖြင့် ပြောဆိုပါသည်။

mgyoe.com

mgyoe.com

"အိုး .... သည်လို ဘာကြောင့် ပြောနိုင်သလဲ၊ မဟုတ်ဘူး။ သို့ပေတဲ့ ခွင့်လွှတ်ပါ၊ သို့ပေတဲ့ ..." စသည်ဖြင့် ကျွန်တော်တို့ သုံးယောက်သည် သံပြိုင်ပြောဆို လိုက်ကြပါသည်။ စာရေးသည်ပင် မကြိုက်နိုင်သကဲ့သို့ ဝင်ရောက်ပြောဆိုပါတော့သည်။

"ဟုတ်ပါတယ် ခင်ဗျားတို့တစ်တွေက ဖြစ်သင့်ဖြစ်ထိုက်တဲ့ အကြောင်းကို ပြောဆိုနေကြပြီး ကျွန်တော်ကတော့ တကယ်ဖြစ်ပျက်နေတဲ့အကြောင်းကို ပြောနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ လူတိုင်း လူတိုင်းဟာ ရုပ်ရည်လှပတဲ့ မိန်းမတိုင်းကို မြင်လျှင် ချစ်တယ်ဆိုတဲ့စိတ် ပေါ်ပေါက်လေ့ရှိပါတယ်..." ဟု သူကြီးက အသံကျယ်ကျယ်နှင့် ပြောလိုက်ပါသည်။

"အိုး ... သည်လိုပြောရတာ ထိတ်လန့်စရာကောင်းပါတယ်။ မေတ္တာစိတ်တို့၊ ချစ်စိတ်တို့ဆိုတာရှိပါတယ်။ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာသာ တည်တံ့ရုံမဟုတ်ဘဲ အသက်ထက်ဆုံး ခိုင်ခိုင်မြဲမြဲ တည်တံ့တဲ့ မေတ္တာစိတ် ချစ်စိတ်တို့ဆိုတာဟာ ရှိပါတယ်ရှင်၊ သည်လို ဟုတ်ကဲ့မဟုတ်လား"ဟု မိန်းမကြီးက မေးမြန်းလိုက်ပါသည်။

"သေသေချာချာ မရှိရိုးအမှန်ပါ။ ယောကျ်ားတစ်ဦးယောက်ဟာ မိန်းမတစ်ဦးတစ်ယောက်ကို ထူးထူးကဲကဲ ချစ်ကြိုက်ပြီး ထိုအချစ်ဟာလည်း သူ့အသက်ထက်ဆုံး တည်တံ့ခိုင်မြဲတယ်လို့ ဆိုကြပါဦးစို့၊ မိန်းမကတော့ ထိုသူ့ကို မချစ်ကြိုက်ဘဲ တခြားသူတစ်ဦးတစ်ယောက်ကို ပိုပိုသာသာ ချစ်ကြိုက်နေလိမ့်မယ်ဆိုတာ အများကြီး ဖြစ်နိုင်နေပါတယ်။ အစဉ်အမြဲပဲ သည်လိုပဲဖြစ်ပျက်နေပါတယ်။ ကမ္ဘာကြီးပျက်တဲ့နေ့ထိအောင်လည်း သည်လိုပဲဖြစ်သွားမှာ အမှန်ပါပဲ"ဟု ပြောဆိုပြီးသည့်အဆုံး၌ လူကြီးသည် စီးကရက်ဘူးကိုထုတ်ကာ စီးကရက်ကို သောက်ရှူ၍ နေပါတော့သည်။

mgyoe.com

mgyoe.com

"တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလိုလည်း ဖြစ်နိုင်ပါသေးတယ် ဗျာ" ဟု ရှေ့နေက ပြောလိုက်ပြန်ပါသည်။

"မဟုတ်ပါဘူး၊ မဖြစ်နိုင်ပါဘူး၊ လှည်းတစ်စီးခန့်ရှိတဲ့ ပဲစေ့တွေထဲမှာ ပဲစေ့နှစ်စေ့ဟာ ဘယ်တော့မှ တညီတညာတည်း ပူးတွဲယှဉ်ကပ်ပြီး မနေသလိုပါပဲ၊ ကျုပ်တို့ပြောနေတာက မဖြစ်နိုင်ဖြစ်နိုင် ဆိုတဲ့ ရိုးရိုးပြဿနာကို ပြောဆိုနေတာ မဟုတ်ပါဘူး။ အရေးအကြီးဆုံး အချက်က အာသာဆန္ဒ ပြည့်ဝခြင်းအကြောင်းကိုသာ ပြောဆိုနေကြတာပါ။ လူတစ်ယောက်ကို ရာသက်ပန် ချစ်ခင်နေတယ်ဆိုတဲ့ စကားဟာ ဘာနဲ့တူသလဲဆိုတော့ ဖယောင်းတိုင်တစ်တိုင်ဟာ ခင်ဗျား အသက်ရှင်သမျှ ကာလပတ်လုံး မကုန်မဆုံးဘဲ အမြဲတောက်လောင်နေမယ်ဆိုတာလို ဖြစ်နေပါတယ်"ဟု ပြောပြီးလျှင် စီးကရက်မှ အငွေ့များကို အားရပါးရ ရှူရှိုက်၍နေပြန်ပါသည်။

"ရှင်ပြောနေတဲ့ အချစ်ဟာက တစ်မျိုးပဲ။ ရာဂနဲ့ကင်းတဲ့ တကယ့်အချစ်စစ် အချစ်မှန်ဆိုတာ ရှိတယ်လို့ ရှင်မယူဆဘူးလား" ဟု မိန်းမကြီးက မေးလိုက်ပြန်သည်။

"ရာဂနဲ့ကင်းတဲ့အချစ်ဟုတ်လား၊ သည်လိုဆိုလျှင် ဘာကြောင့် အတူတူ တစ်အိပ်ရာတည်းယှဉ်တွဲပြီး အိပ်ကြသလဲ။ သည်စကားလုံးကို သုံးလိုက်တာကိုတော့ သည်းခံပါ။ လူနှစ်ယောက် အတူတူယှဉ်တွဲပြီး အိပ်စက်ကြတာဟာ ရာဂနဲ့ကင်းတဲ့ အချစ်ကြောင့်လားဗျာ"ဟု ပြောပြီး လူကြီးသည် တုန်တုန်ယင်ယင်နှင့် ရယ်မောလိုက်လေသည်။

ထိုအခါတွင် ရှေ့နေကဝင်ရောက်၍ "ကျွန်တော် ပြောပါရစေ။ အကြောင်းကြောင်းတွေကို ထောက်လျှင် လူကြီးမင်း ပြောဆိုချက်ဟာ မခိုင်လုံပါဘူး။ ထိမ်းမြားခြင်းကိစ္စ တည်ရှိနေတာဟာ အထင်အရှားပါပဲ၊ လူအများတို့ဟာလည်း တစ်ဦးနဲ့တစ်ဦး လက်ထပ်ထိမ်းမြားကြ

mgyoe.com

mgyoe.com

ပြီး တစ်ဦးကိုတစ်ဦး သစ္စာစောင့်ထိန်းကြပြီး အသက်ထက်ဆုံး နေထိုင်သွားကြတာလည်း အနမတဂ္ဂမပါဘဲ ...” ဟု ပြောပါသည်။

ထိုစကားကိုကြားလျှင် ဆံပင်ဖြူနှင့်အဘိုးကြီးသည် ဟက်ဟက်ပက်ပက် ရယ်မောပြန်ပါသည်။

“လက်ထပ်ထိမ်းမြားတဲ့ကိစ္စဟာ ချစ်ကြိုက်ခြင်းမှာ အခြေစိုက်တယ်ဆိုတာ ခင်ဗျားတို့ ယုံကြည်တယ်မဟုတ်လား သို့ပေတဲ့ အချစ်ဆိုတာ တခြားမဟုတ်ဘူး၊ ရာဂအချစ်လို့ ကျုပ်ကပြောတဲ့အခါမှာ ခင်ဗျားတို့က အချစ်ဆိုတာရှိတဲ့အကြောင်း လက်ထပ်ထိမ်းမြားခြင်းတွေကို သက်သေပြကြတယ်။ ယခုအချိန်မှာ လက်ထပ်ထိမ်းမြားကြတဲ့ ကိစ္စဟာ လိမ်တဲ့ညာတဲ့ကိစ္စပါ....”ဟု လူကြီးက ပြောလိုက်ပါသည်။

“ကျွန်တော် ရှင်းလင်းပြောပါရစေ၊ ကျွန်တော်ပြောတာက ထိမ်းမြားလက်ထပ်ခြင်းဆိုတာရှိပြီး ရှိဆဲဖြစ်တဲ့အကြောင်းပါပဲ”ဟု ရှေ့နေက ပြောပါသည်။

“ထိမ်းမြားလက်ထပ်ခြင်းရှိတာ အမှန်ပါပဲ၊ ဘာဖြစ်လို့ရှိရပါသလဲ။ ထာဝရဘုရားကို တကယ်ကြောက်ရွံ့ ယုံကြည်ကြတဲ့ လူတွေထဲမှာတော့ ထိမ်းမြားလက်ထပ်ခြင်း အစစ်အမှန်ဟာ ရှိပါတယ်။ ကျုပ်တို့လူတွေထဲမှာတော့ မရှိတာ အမှန်ပါပဲ။ ကျုပ်တို့တိုင်းပြည်မှာတော့ ထာဝရဘုရား ဟောကြားချက်ကို မလေးစားကြတဲ့အတွက် ထိမ်းမြားခြင်းဟာ လိမ်တဲ့ညာတဲ့ ကိစ္စသာဖြစ်နေပါတယ်။ လိမ်တဲ့ ညာတဲ့ကိစ္စရိုးရိုးမျှသာဖြစ်လျှင်လည်း သည်းခံနိုင်ပါသေးတယ်။ လင်နဲ့မယားဟာ တခြားသူများကိုသာ လိမ်ညာပြီး မိမိတို့ဘာသာတော့ လင်ကလည်း နောက်မယား ယူချင်ယူ၊ မယားကလည်း နောက်လင်ယူချင်ယူ၊ သည်လိုယူနိုင်ပါတယ်။ သည်လိုလုပ်တာဟာ စင်စစ်တော့ ဆိုးယုတ်ပါတယ်။ သို့ပေတဲ့ သည်းခံနိုင်ပါသေးတယ်။ သို့ရာတွင် လင်နဲ့မယားဟာ

mgyoe.com

mgyoe.com

အသက်ထက်ဆုံး ပေါင်းသင်းပါမယ်လို့ ကတိကဝတ်ပြုပြီး အတူနေလို့ တစ်လလောက်ကြာရင်ပဲ တစ်ဦးကိုတစ်ဦး ရွံရှာမုန်းတီးလာပြီး ခွဲခွာသွားချင်ကြတယ်။ သို့ပေတဲ့ မခွဲနိုင်ကြတော့ဘူး။ ဒီလိုဖြစ်လာပြီးတဲ့နောက် ထိုသူနှစ်ယောက်မှာ ငရဲပြည်ရောက်ရသလိုပဲ။ ဒီလိုဆင်းရဲစိတ်ညစ်တဲ့ဘေးက လွတ်မြောက်ရအောင် အရက်သောက်သူသောက် မိမိကိုယ်ကိုလည်းကောင်း၊ လင်ကမယားကို မယားကလင်ကိုလည်းကောင်း အဆိပ်ခတ်ပြီးသတ်ကြပါရော ...”

လူကြီးသည် စကားကို လျှင်မြန်စွာ ပြောဆိုနေပါသည်။ သူ့စကားထဲတွင် မည်သူ့ကိုမျှလည်း ဝင်ရောက်ပြောဆိုခွင့်မပြုပါ။ ဤကဲ့သို့ ပြောရင်းမှာပင် တုန်တုန်ယင်ယင် ဖြစ်သည်ထက်ဖြစ်၍ လာပါသည်။

ကျွန်တော်တို့မှာကား တိတ်ဆိတ်ငြိမ်သက်စွာပင် နေမထိထိုင်မသာဖြစ်၍ နေကြပါသည်။

“လင်နဲ့မယား ပေါင်းသင်းနေကြတဲ့ အချိန်အခါမှာ အရေးကြီးတဲ့ ကိစ္စများဟာတော့ အမှန်ပဲ ပေါ်ပေါက်တတ်ပါတယ်” ဟု ရှေ့နေကပင်စတင်၍ ဝန်ခံသောအနေဖြင့် ပြောလိုက်ပါသည်။ ဤကဲ့သို့ ပြောလိုက်ခြင်းဖြင့် ပူပူနွေးနွေး ဆွေးနွေးနေကြသော စကားစကို ဖြတ်လိုဟန် လက္ခဏာရှိပါသည်။

“ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျားသိတယ်ထင်တယ်”ဟုဆံပင်ဖြူနှင့် လူကြီးက လေခပ်ပျော့ပျော့နှင့်ပင် မေးမြန်းလိုက်ပါသည်။

“ကျွန်တော် မသိရပါဘူးခင်ဗျာ”

“ဒါဖြင့် သိရရင်လည်း သိပ်တော့ထူးလှမယ် မဟုတ်ပါဘူး။ ဦးဖိုးဆိုတာ ကျွန်တော်ပါပဲ၊ မိတ်ဆွေပြောတဲ့ “အရေးကြီးတဲ့ကိစ္စ”မျိုး မယားကိုသတ်ရတဲ့အဖြစ်မျိုး ကျွန်တော့်မှာ ဖြစ်ပေါ်ခဲ့ဖူးပါတယ်” ဟူ၍

mgyoe.com

mgyoe.com

ပြောလိုက်ပြီးလျှင် ကျွန်တော်တို့ကို တစ်ယောက်ပြီးတစ်ယောက် လှည့်၍ ကြည့်ပါတော့သည်။ ကျွန်တော်တို့မှာလည်း ဘယ်ကဲ့သို့ပြန်၍ ပြောရမည်မသိသဖြင့် တိတ်ဆိတ်ငြိမ်သက်စွာပင် နေလိုက်ကြပါသည်။

"ဟုတ်ကဲ့ .... ယခုမှတော့ဖြင့် မထူးတော့ပါဘူး။ သို့ပေတဲ့ ကျွန်တော့်ကိုတော့ ခွင့်လွှတ်ကြပါခင်ဗျာ၊ ကျွန်တော်ရှိတဲ့အတွက် မိတ်ဆွေများမှာ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး" ဟု ပြောလျက် လူကြီးသည် ချောင်းဆိုးသကဲ့သို့သော အသံကြီးကို ပြုလိုက်ပါသည်။

"အနှောင့်အယှက်မဖြစ်ပါဘူး သည်းခံပါ... "ဟု မိမိဘာပြော ဘာဆိုမှန်းမသိဘဲ ရှေ့နေက ဝင်ရောက်ပြောလိုက်ပါသည်။ သို့ရာတွင် ဦးဖိုးကား ရှေ့နေပြောသောစကားကို ဂရုမစိုက်ဘဲ ထိုင်ရာမှထတဲ့ပြီးလျှင် သူ၏မူလနေရာသို့ သွားရောက်ပါသည်။ ရှေ့နေမှုကား မိန်းမကြီးအား နှစ်ကိုယ်ကြား တီးတိုးစကားပြောကြားလျက် ကျန်ရစ်ပါတော့သည်။

❑

mgyoe.com

mgyoe.com

# အခန်း (၃)

ကျွန်တော့်မှာ ဦးဖိုးနှင့် မျက်နှာချင်းဆိုင် ထိုင်လျက်ရှိပါသည်။ သို့ရာတွင် စကားပြောရန် အစရှာ၍မရသဖြင့်လည်းကောင်း၊ စာဖတ်ရန်မှာလည်း မှောင်၍နေပြီဖြစ်သဖြင့်လည်းကောင်း၊ မျက်စိကိုစုံမှိတ်၍ အိပ်ချင်ဟန်ဆောင်၍ နေလိုက်ပါတော့သည်။ ဤနည်းဖြင့် ရှေ့ဘူတာတစ်ခုသို့ ဆိုက်သည့်တိုင်အောင် နေလာခဲ့ရာ၊ ထိုဘူတာသို့ဆိုက်လျှင် စောစောက ဂါတ်ဗိုလ်နှင့် စီစဉ်ထားသည့်အတိုင်း ရှေ့နေနှင့်အဖော် မိန်းမကြီးတို့မှာ အခြားရထားတွဲတစ်ခုသို့ ပြောင်းရွှေ့၍သွားကြပါတော့သည်။ စာရေးမှုကား သူ့နေရာ၌ ချောင်ချောင်လည်လည် နေရပြီဖြစ်သဖြင့် အိပ်ပျော်၍သွားပါသည်။ ဦးဖိုးမှုကား လွန်ခဲ့သောဘူတာက ဖျော်ယူလာခဲ့သော လက်ဖက်ရည်ကို လမ်းတစ်လျှောက်လုံးတွင်သောက်လျက် ဆေးလိပ်ကိုလည်းခဲကာ လိုက်လာပါတော့သည်။ ကျွန်တော်၏ မျက်စိများကို ဖွင့်လိုက်လျှင် ဖွင့်လိုက်ခြင်း သူက စကားစတင်၍ တုန်ယင်သောအသံဖြင့် ပြောလိုက်ပါတော့သည်။

"ကျုပ်ဘယ်သူလဲဆိုတာ မောင်ရင်သိပြီးဖြစ်လို့ ကျုပ်အနီးမှာ

mgyoe.com

mgyoe.com


ထိုင်ရတာ မောင်ရင့်မှာ စိတ်မချမ်းမသာဖြစ်မှာပဲ၊ သည်လိုဖြစ်တယ် ဆိုရင်တော့ ဦး တခြားနေရာကို ရွှေ့သွားပါမယ်"

"ဘာမှမဖြစ်ပါဘူး ဦး၊ သည်လိုမထင်ပါနဲ့"

"ဒီလိုဆိုလည်း နည်းနည်းလောက် သုံးဆောင်စမ်းပါ။ နည်းနည်းတော့ ပြင်းတယ်" ဟု ပြောရင်း ကျွန်တော်အား လက်ဖက်ရည် ငှဲ့၍ ပေးပါသည်။

"သူတို့ပြောတာတွေဟာ အားလုံးမှားတယ်"

"ဦး ဘာကိုပြောတာလဲ" ဟု ကျွန်တော်က မေးလျှင် ....

"အခုနက ပြောတဲ့အကြောင်းကို ပြောတာပါ။ သူတို့ပြောကြတဲ့ အချစ်နဲ့ သည်အချစ်ရဲ့သဘောကို ဆိုလိုပါတယ်၊ မောင်ရင် မအိပ်ချင်ဘူးလား"

"မအိပ်ချင်ပါဘူး"

"သည်လိုဆိုရင်တော့ သည်ချစ်ခြင်းရဲ့ သွေးဆောင်တိုက်တွန်းမှုကြောင့် ဦးပြုလုပ်ခဲ့မိတာ ဘာ့ကြောင့်လဲဆိုတာ ဦးပြောပြမယ်"

"သည်လိုပြောပြလို့ ဦးစိတ်ကို မထိခိုက်ဘူးဆိုရင် ပြောပြစေချင်ပါတယ်"

"မထိခိုက်ပါဘူး။ မပြောဘဲ မျိုသိပ်ပြီးထားရတာကမှ ရင်နာပါသေးတယ်။ လက်ဖက်ရည် သောက်လိုက်ပါဦးလား၊ မောင်ရင့် အဖို့ ပြင်းများပြင်းသလား"

အမှန်အားဖြင့် လက်ဖက်ရည်မှာ အလွန်ပြင်းပါသည်။ အရက်ကို သောက်ရသကဲ့သို့ပင်ရှိပါတော့သည်။ သို့ရာတွင် ကျွန်တော်သည် လက်ဖက်ရည်တစ်ဖန်ခွက်ကို သောက်လိုက်ပါသည်။ ထိုအချိန်၌ လက်မှတ်စစ်မှာ ရထားထဲသို့ဝင်ရောက်လာပါသည်။ ထိုသူထွက်၍ မသွားမချင်း ဦးဖိုးသည် သူ့အကြောင်းကို စတင်မပြောသေးဘဲ စောင့်

mgyoe.com

mgyoe.com


ဆိုင်း၍နေပါသည်။

"ဦးအကြောင်းကို ဦးပြောတော့မယ်၊ ဒါထက် သည်အကြောင်းကို မောင်ရင်တကယ်ပဲ ကြားချင်သလား...."

ထိုအခါတွင် ကျွန်တော်က တကယ်ပင်ကြားလိုကြောင်း ပြောပြလိုက်ရာ ဦးဖိုးသည် တစ်ခဏမျှ တိတ်ဆိတ်စွာနေပြီးနောက် မျက်နှာကို လက်ဖြင့်ပွတ်သတ်လိုက်ပြီးလျှင် စတင်ပြောပါတော့သည်။

"လက်မထပ်မီ ဦးဟာ ဦးတို့အဆင့်အတန်းက လူတွေလို နေထိုင်ခဲ့ပါတယ်။ ဦးဟာ မြေပိုင်ရှင်တစ်ဦးဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပြီး၊ တစ်ခါက ဂုဏ်သရေရှိ မှူးကြီး မတ်ကြီးများရဲ့ အကြီးအကဲတစ်ဦး ဖြစ်ခဲ့ပါတယ်။ လက်မထပ်မီ ဦးတို့လိုလူတွေ နေထိုင်လေ့ရှိသလို နေထိုင်ခဲ့ပါတယ်။ ဒီလိုနေထိုင်တာဟာ နည်းလမ်းကျတယ်လို့လည်း ထင်မြင်မိပါတယ်။ မိမိကိုယ်ကိုလည်း အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့လူ၊ အခြားလူများ စံပြုလောက်တဲ့ လူလို့လည်း ထင်မြင်ယုံကြည်ပါတယ်။ အခြား အခြားသော ဦးတို့လို လူတွေလို ကာမဂုဏ်ခံစားမှုကို မက်မက်မောမော မလိုလား၊ မနှစ်သက်ခဲ့ပါဘူး။ တော်ရုံတန်ရုံသာလိုက်စားပြီး ကျန်းမာရေးကို မထိခိုက်ရအောင် စောင့်ရှောက်ခဲ့ပါတယ်။ ဦးကိုတွယ်ကပ်နေစေမယ့် မိန်းမများကိုလည်း အထူးရှောင်ကြဉ်ခဲ့ပါတယ်။ စွဲလမ်းတပ်မက်ခြင်းဆိုတာ ရှိချင်လည်းရှိမှာပါပဲ။ သို့ပေတဲ့ မရှိသလို ဦးဟာ ပြုလုပ်ကျင့်ကြံလာခဲ့ပါတယ်။ သည်လို စွဲစွဲလမ်းလမ်းမရှိတာဟာ ကောင်းတယ်လို့ ယူဆတဲ့အပြင် မိမိမှာ အစွဲအလမ်းမရှိတာကိုပဲ ဂုဏ်ယူခဲ့မိပါတယ်"

ဤနေရာတွင် ဦးဖိုးသည် အနည်းငယ်ရပ်နားလျက် ထူးဆန်းသော သူပြုနေကျ ချောင်းဆိုးသံကိုပြုပါသည်။ တစ်ခုခုကို စတင်စဉ်းစားတိုင်း ထိုကဲ့သို့သော ချောင်းဆိုးသံမျိုးကို ပြုလုပ်လေ့ရှိပါသည်။

mgyoe.com

mgyoe.com


"သည်လို မစွဲလမ်းတာဟာ ကျုပ်ရဲ့ အဆိုးဝါးဆုံး အမှုအကျင့်ပဲ။ သည်လိုပြုကျင့်တဲ့အတွက် ကိုယ်လက်ကျူးလွန်ပြီးတဲ့အခါမှာ ဆက်လက်စောင့်ရှောက်ဖို့လိုတယ်လို့ မထင်တာဟာ အမှားဆုံးပဲ။ သည်လို မထင်တာကိုပဲ ဦးက ကောင်းလှပြီလို့ယူဆပြီး ဂုဏ်ယူတယ်။ တစ်ခါက ဦးကိုကြိုက်တဲ့ မိန်းမတစ်ယောက်ကို ဦးက ပိုက်ဆံမပေးလိုက်မိတာကို ဦးစိတ်မှာ မကောင်းဖြစ်မိတာကို ဦးအမှတ်ရမိတယ်။ ဒါနဲ့ပဲ အဲဒီမိန်းမထံကို ဦး ငွေတင်ပို့ပေးလိုက်တယ်။ ဒီတော့မှပဲ စိတ်ထဲမှာရှင်းသွားပါတော့တယ်။ ဒီလိုလုပ်လိုက်ရင် နောက်ထပ်ပြုလုပ်ဖို့ ဝတ္တရားမရှိတော့ဘူးလို့ ဦးထင်တယ်"

"ဦးပြောတာကို ထောက်ခံတဲ့အနေနဲ့ မောင်ရင်ခေါင်းညိတ်ဖို့မလိုပါဘူး။ လူတိုင်းပဲ သည်လိုထင်မြင်ကြတယ်။ မောင်ရင်ဟာလည်း လူထူးလူဆန်းတစ်ဦးမဟုတ်ရင်တော့ ထိုသူတွေလိုပဲ ထင်မြင်မှာပဲ။ အားလုံးအတူတူချည်းပဲ၊ ဒီလို ဦးပြောတာကို သည်းခံနော်၊ သို့ပေတဲ့ ဒီလိုထင်မြင်ယူဆကြတာဟာ မဟာအမှားတော်ကြီးပဲ..." ဟု ဦးဖိုးကပြောပါသည်။

"ဘာကြောင့်မှားရမှာလဲ" ဟု ကျွန်တော်က မေးလျှင် ...

"ဦးတို့တစ်တွေဟာ မိန်းမများနဲ့ပတ်သက်ပြီး အမှားတွေကို အမှန်ထင်နေကြတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဦးမှာ ကိုယ်တွေ့ကြုံရဖူးလို့ ဒီအကြောင်းနဲ့ပတ်သက်လာရင် ဦးစိတ်ကိုထိခိုက်လို့ ဦးဟာ ယထာဘူတကျအောင် မပြောနိုင်ဘူးရယ်လို့ မယူဆနဲ့၊ ဦးဟာ ကိုယ်တွေ့ကြုံရပြီးတဲ့နောက် ဒီကိစ္စနဲ့ပတ်သက်ပြီး အမြင်တစ်မျိုးပြောင်းသွားတယ်။ အားလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားပြီ ...."

ဦးဖိုးသည် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်ပြီး ဒူးပေါ်တွင် တံတောင်ဆစ်ကိုတင်လျက် သောက်နေလေသည်။ မှောင်ထဲ

mgyoe.com

mgyoe.com


တွင် သူ၏မျက်နှာကို ကျွန်တော်ကောင်းစွာ မမြင်တော့ပါ။ သို့ရာတွင် မိုးရထား ခုတ်မောင်းသံ စပ်ကြားမှ သူ၏ ရှင်းလင်းပြတ်သားသော အသံကိုသာလျှင် ကြားရပါတော့၏။

❑

mgyoe.com

mgyoe.com

# အခန်း (၄)

“သည်ကိစ္စနဲ့ပတ်သက်ပြီး ဦးဟာ အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရပါတယ်။ ဒီလိုဖြစ်တာကိုပဲ ကျေးဇူးတင်ရဦးမယ်။ ဒီလိုဖြစ်ပြီးမှ သည်မကောင်းမှုရဲ့ ရေသောက်မြစ်ကို သွားတွေ့တယ်။ သည်အချိန်ကစပြီး အမှန်ကိုသိရတော့မှပဲ သည်မကောင်းမှုရဲ့ ဆိုးဝါးပုံ အလုံးစုံကို သိရပါတယ်”

“ဦးတစ်သက်မှာ အဆိုးဝါးဆုံးဖြစ်တဲ့အမှု ဖြစ်ပေါ်အောင် အားပေးကူညီကြတဲ့ ပတ်ဝန်းကျင်အကြောင်းကြောင်းတွေကို မောင့်ကို ဦးပြောပြမယ်။ သေမင်းရဲ့လမ်းစကို ခြေတစ်လှမ်း ပထမစတင် နင်းလိုက်မိတဲ့အချိန်မှာ ဦးဟာ အသက် ၁၆ နှစ်ပင် မပြည့်သေးဘူး။ ဒီလိုဖြစ်တဲ့အချိန်မှာ ဦးဟာ အောက်တန်းကျောင်းသားမျှသာ ဖြစ်သေးတယ်။ ဦးရဲ့ အစ်ကိုကတော့ တက္ကသိုလ်မှာ ပထမနှစ်ဝင်ရောက် သင်ကြားနေတယ်။ ဒီအချိန်အရင်ကဆိုရင် ဦးဟာ မိန်းမကိုမတွေ့ဖူးပါဘူး။ သို့ပေတဲ့ ဦးတို့အဆင့်အတန်းက သူငယ်ကလေးများလို သည်ပုတ်ထဲက သည်ပဲဖြစ်လေတော့ စိတ်ထားတော့ မသန့်ရှင်းပေဘူး။ ဒီလိုမဖြစ်မီ လွန်ခဲ့တဲ့

mgyoe.com

mgyoe.com


နှစ်နှစ်လောက်ကပဲ သူငယ်ချင်းများဆီက တစ်ဆင့်ကြားသိရလို့ မိန်းမ စိတ်ဟာ ဦးကိုညှဥ်းပန်းစပြုလာတယ်"

"ဒီလိုနဲ့ တစ်ကိုယ်တည်းနေတဲ့ အခါများမှာ ဦးစိတ်ဟာ မသန့် ရှင်းတော့ဘူး။ စိတ်ရိုင်းစိတ်မိုက်တွေပေါ်လာတော့ ဦးဟာ ကြောက်ရွံ့ တုန်လှုပ်လာတယ်။ ပူပင်ဆင်းရဲလာတယ်။ သည်ဒုက္ခမှ လွတ်မြောက် ဖို့လည်း ဆုတောင်းတယ်။ သို့ပေတဲ့မရဘူး။ ဒါတွေကိုကြည့်ရင် ဦးရဲ့ စိတ်ကူးများဟာ ယုတ်မာဆိုးသွမ်းနေပြီဆိုတာ ထင်ရှားတယ်။ ဒီလိုနဲ့ ဦးတစ်ကိုယ်တည်းပဲ ဒုက္ခဝေဒနာကို ခံစားနေရတယ်။ အခြားသူတစ် ဦးတစ်ယောက်ကိုတော့ သူခိုးသေဖော်ညှိဆိုသလို ကိုယ့်ဒုက္ခမျိုးကို ဒိုးတူပေါင်ဖက်ခံဖို့ အဖော်မညှိခဲ့သေးဘူး။

"သည်လိုစိတ်ဒုက္ခကို ခံစားနေရတဲ့အချိန်မှာ ဦး အစ်ကိုရဲ့ သူငယ်ချင်းတစ်ဦးနဲ့ သွားတွေ့ပါတယ်။ ထိုသူဟာ ကျောင်းသားတစ် ဦးဖြစ်ပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ ဒီလိုလူမျိုးကို အများကတော့ လူတော်တစ်ယောက်ရယ်လို့ ခေါ်ကြ တယ်။ အမှန်မှာတော့ အသုံးမကျဆုံး လူယုတ်မာတစ်ဦးပါ။ သူက ဦးတို့ကို အရက်သောက်တတ်အောင်၊ လောင်းကစားတတ်အောင် သင် ပေးပါတယ်။ တစ်ညတော့ အရက်သောက်လို့ မူးနေကြတဲ့အခါမှာ "မကောင်းတဲ့အိမ်တွေ"ကို သွားဖို့ တိုက်တွန်းပါတယ်။ ဒါနဲ့ ဦးတို့လည်း သွားကြပါရော။ ဦးရဲ့အစ်ကိုဟာလည်း ဟိုအချိန်အထိ လူပျိုအစစ်ပါ။ ဟိုညမှာပဲ မှားယွင်းသွားပါတယ်။ ဦးဟာလည်း ၁၆ နှစ်သား လူပျို ထွား လူအကလေးဟာ ဟိုညမှာပဲ ဘုမသိဘမသိနဲ့ ကိုယ်ဘာလုပ် တယ်ဆိုတဲ့ အနက်အဓိပ္ပာယ်ကို ကိုယ်မသိဘဲ မှားယွင်းသွားပါတယ်။

"ဦးကို အုပ်ထိန်းကြတဲ့ လူကြီးများကလည်း ဦးလုပ်တဲ့ အလုပ်ဟာ မှားတယ်လို့ ဘယ်တော့မှမပြောကြဘူး။ ဟိုအချိန်ကသာ

mgyoe.com

mgyoe.com


မဟုတ်ဘူး။ ယခုအချိန်ထိအောင်လည်း ဒီလိုလုပ်တာ မကောင်းဘူးလို့ လူငယ်ကလေးတွေကို ဘယ်သူကမှ မပြောပြကြဘူး။ ပညတ်တော် ဆယ်ပါးထဲမှာ ပါတာတော့ ဟုတ်ပါတယ်။ သို့ပေတဲ့ ပညတ်တော် ဆယ်ပါးဟာက ကျောင်းစာမေးပွဲနှင့် တက္ကသိုလ်စာမေးပွဲတွေမှာဖြေရန် အရကျက်မှတ်ဖို့သာဖြစ်တယ်။ သဒ္ဒါနဲ့ပတ်သက်တဲ့ နည်းဥပဒေတွေ လောက် အရေးမကြီးဘူး။ သို့ပေတဲ့ ဦးကြည်ညိုလေးစားတဲ့ လူကြီး မိဘများကတော့ သည်လိုပြုကျင့်တာ မကောင်းဘူး။ မတော်ဘူးလို့ တော့ ဦးကို ဘယ်တုန်းကမှ မဆုံးမခဲ့ကြဘူး။ ဒါတင်မကဘူး ဦးရဲ့ အကြည်ညိုခံရတဲ့ အပြင်လူတွေကတော့ သည်လိုလုပ်ရတာဟာ ကောင်း တယ်လို့ ပြောတာကို ဦးကြားရတယ်။ တစ်ခါ "နတ်တင်" ပြီးရင် ပြီးရော၊ ကြောက်စိတ်တွေ၊ စိတ်မကောင်းဖြစ်တာတွေ အားလုံးပျောက် သွားလိမ့်မယ်လို့တောင် ပြောကြသေးတယ်။ သည်လိုပြောစကားတွေ ကို ဖတ်လည်းဖတ်ဖူးတယ်။ ပြောသံလည်း ကြားဖူးတယ်။ လူကြီးများ ကတော့ဖြင့် မကောင်းဘူးလို့ပြောသံ အလျဉ်း မကြားဖူးဘူး။ ဦး သိတဲ့ သူတွေက သည်လိုလုပ်တာဟာ ချီးကျူးဖွယ်လို့ ထင်မြင်ကြတယ်။ ဒါကြောင့် သည်လိုပြုကျင့်တာဟာ ကောင်းကျိုးကိုသာ ပေးနိုင်လိမ့်မယ် လို့ထင်မိတယ်။ မကောင်းကျိုးပေးလိမ့်မယ်လိုကို မထင်ဘူး။ ပြည်ပိုင် အစိုးရကတော့ မကောင်းကျိုးပေးမှာကိုသိလို့ ကွယ်ကာစောင့်ရှောက်ဖို့ စီမံပေးတယ်။ သည်ကိစ္စမျိုးတွေကို စောင့်ရှောက်ကြည့်ရှုဖို့ ဆရာဝန် များကို လခပေးပြီးထားတယ်။ ဆရာဝန်များကလည်း သည်ကိစ္စမျိုးကို ကျန်းမာရေးအတွက် ပြုလုပ် အပ်တယ်လို့ ဆုံးမသြဝါဒပေးကြတယ်။ မိခင်တချို့ဟာ ဆရာဝန်ပြောတဲ့အတိုင်း လိုက်နာပြီး ပြုလုပ်ကြတာကို ဦးကိုယ်တိုင် သိရတယ်။ ဒီကိစ္စမှာ လောကဓာတ်ပညာဟာလည်း အပြစ်မကင်းပေဘူး..."

mgyoe.com

mgyoe.com


"လောကဓာတ်ပညာနဲ့ ဘယ်လိုဆိုင်သလဲ ဦးရဲ့"ဟု ကျွန်တော်က မေးလိုက်လျှင် ....

"ဆရာဝန်ဆိုတာတွေဟာ ဘယ်လိုလူတွေလဲ၊ လောကဓာတ်ပညာစောင့် နတ်ကြီးတွေပဲ မဟုတ်လား။ သည်ကိစ္စမျိုးဟာ ကျန်းမာရေးအတွက် လုပ်ရမယ်လို့ ဦးတို့ လူငယ်ကလေးတွေကို ဆုံးမဩဝါဒပေးတာဟာ သူတို့တစ်တွေပဲမဟုတ်လား၊ ပြီးတော့ ရောဂါရလာရင် သူတို့ကိုယ်သူတို့ ပညာရှိကြီးလုပ်ပြီး ကုသကြပါရော"

"ရောဂါရလာရင် သူတို့မကုသရင် ဘယ်သူကုသရမှာလဲ ဦးရဲ့" ဟု ကျွန်တော်က မေးပြန်လျှင် ...

"ရောဂါရလာရင် ပျောက်အောင်ကြိုးစားတဲ့ ဝီရိယလုံ့လရဲ့ အပုံတစ်ရာပုံမှာ တစ်ပုံလောက်ကို သည်လိုကိစ္စမျိုး မပြုကျင့်အောင် တားမြစ်ပိတ်ပင်တဲ့ဘက်မှာ အသုံးချရင် သည်ရောဂါတွေဟာ ပျောက်ကင်းတာကြာလှပြီ။ ယခုတော့ သည်လိုမဟုတ်ဘူး။ ကြိုးကြိုးစားစားနဲ့ ဝီရိယလုံ့လပြုကြတာဟာ မကောင်းမှုရဲ့ ရေသောက်မြစ်ကို ပယ်ဖျက်ချိုးနှိမ်ပစ်ဖို့ မဟုတ်ဘူး။ သည်ကိစ္စမျိုးလုပ်လို့ ရောဂါရလာလျှင် အရေးမကြီးဘူး။ ပျောက်ကင်းချမ်းသာနိုင်ကြောင်းပြပြီး၊ သည်ကိစ္စမျိုး မကောင်းမှုမျိုးကို များများလုပ်အောင် အားပေးကူညီဖို့သာဖြစ်နေတယ်။ ဦးပြောလိုတာကတော့ ဒါတွေမဟုတ်သေးပါဘူး။ စကားအလျဉ်းသင့်လို့သာ ပြောတာပါ။ ဦးပြောချင်တာက ဦးဖြစ်ရတဲ့အဖြစ်မျိုးဟာ လူဆယ်ယောက်မှာ ကိုးယောက်ဖြစ်ရတဲ့ အဖြစ်မျိုးဆိုတာကို အရေးတကြီး သိစေချင်တာပါပဲ။ ဒီလိုဖြစ်တာဟာ ဦးတို့ရဲ့ အဆင့်အတန်းမှာသာ မဟုတ်ဘူး။ တောသူတောင်သားတွေဆီကိုတောင် ကူးစက်ပြန့်ပွားကုန်ပြီ။ ဦးဖြစ်ရတာ ချစ်စိတ်ကလေးနည်းနည်းပေါ်လို့ ဖြစ်ရတာလို့တောင် ဆင်ခြေမပေးနိုင်ဘူး။ ဦးကျူးလွန်တာ ချစ်လို့

mgyoe.com

mgyoe.com


ကြိုက်လို့ ကိုမဟုတ်ဘူး။ ဒီလိုကျူးလွန်တာဟာ အချို့က တရားနည်းလမ်းကျတယ်။ ကျန်းမာရေးအတွက် လိုအပ်တယ်။ အချို့ကတော့ ဖြစ်သင့်တယ်။ လူငယ်ကလေးများအဖို့ အပျော်အပါးပဲလို့ ယူဆကြတဲ့အတွက် ဦး ဒီကိစ္စကို ကျူးလွန်မိခြင်းဖြစ်တယ်။ ဦး ဒီကိစ္စမှာ စိတ်ကိုလျှော့ပေးလိုက်တာဟာလည်း ပျော်ရွှင်မှုကိုလည်း တစ်နည်းအားဖြင့် ရရှိတယ်။ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းတို့ကိုပဲ၊ လုပ်သင့်လုပ်အပ်တဲ့ ကိစ္စတစ်ခုလို့ ထင်မြင်သောကြောင့်ဖြစ်တယ်။ သို့ပေတဲ့ ဒီပထမအကြိမ် မှားယွင်းလိုက်မိရင်ပဲ စိတ်မချမ်းမြေ့စရာ ထူးထူးဆန်းဆန်း စိတ်ဖောက်ပြန်လာတယ်။ ကျူးလွန်မိတဲ့အချိန်မှာပဲ ဝမ်းနည်းစိတ်ပေါ်လာပြီး တစ်နေရာရာမှာထိုင်ပြီး စိတ်ရှိလက်ရှိ ငိုချင်စိတ်ပေါက်လာတယ်။ အမှန်ပါပဲ ဦးရဲ့ သန့်ရှင်းစင်ကြယ်မှု ပျက်စီးသွားတဲ့အတွက် ငိုချင်လာတယ်။ မိမိပြုမိတဲ့ အမှားကြီးကိုလည်း နောင်ဘယ်သောအခါမှ ပြင်ဆင်၍ရမည်မဟုတ်ဘူးဆိုတာကိုလည်း သိသွားတယ်။

"ယခုအချိန်ကစပြီးတော့ မိန်းမဟူသရွေ့ကိုလည်း သန့်ရှင်းစင်ကြယ်တဲ့ စိတ်ကောင်းစိတ်မြတ်နဲ့ ဘယ်တော့မှမကြည့်နိုင်တော့ဘူးဆိုတာကိုလည်း ဦးရိပ်မိသွားတယ်။ ဘိန်းစားတဲ့လူ၊ အရက်သောက်တဲ့လူ၊ ဆေးလိပ်ကို အလွန်အကျူးသောက်ရှုတဲ့လူများနဲ့ ဦးလိုမိုက်မှားမိတဲ့လူဟာလည်း တစ်တန်တစ်စားတည်း ဖြစ်သွားတယ်။ ဘိန်းစားတစ်ဦး၊ အရက်သမားတစ်ဦးကို လျှောက်ပုံ သွားပုံ မျက်နှာအနေအထားနဲ့ သိရသလို ဦးလိုလူကိုလည်း သိနိုင်တယ်။ သည်လို မိုက်မှားဖူးတဲ့လူဟာ နောက်တစ်ကြိမ်မဖြစ်ရလေအောင် ကြိုးစားပြီး မိမိကိုယ်ကိုမိမိ ထိန်းသိမ်းစောင့်ရှောက်နိုင်ပေမယ်လို့ မိန်းမတစ်ဦးနဲ့ ဆက်ဆံတဲ့အခါမှာ မောင်တစ်ဦးဟာ ချစ်နှမကလေးတစ်ဦးနဲ့ ဆက်ဆံပေါင်းသင်းသလို ရိုးသားသန့်ရှင်းစွာတော့ မဆက်ဆံနိုင်တော့ဘူး..."

mgyoe.com

mgyoe.com


ဦးဟာ ကာမဂုဏ်စည်းစိမ်ခံစားတဲ့ လူတစ်ဦးဖြစ်သွားပြီး သည်ဘဝက မတက်နိုင်တော့ဘဲ၊ သည်ကစပြီး ဦးရဲ့ပျက်စီးဖို့ လမ်းဟာလည်း စမိရက်သားရှိနေတော့တာပါပဲ..."

❑

mgyoe.com

mgyoe.com

# အခန်း (၅)

"ဒီအချိန်ကစပြီး ဦးဟာ ရွံ့ညွန်ထဲ နစ်သထက်နစ်တော့တာ ပါပဲ။ သို့ပေတဲ့ ဦးဟာ အခြားသူတွေနဲ့စာရင် လူရေမလည် လူဝါးမဝ လေတော့ အပေါင်းအသင်းများရဲ့ ပြောင်လှောင်ခြင်းကိုခံရတယ်။ မောင်ရင်ဟာ ကြွယ်ဝချမ်းသာတဲ့ လူပျိုကလေးများ စစ်ဗိုလ်များနဲ့ ပြင်သစ်မြို့တော်သားများရဲ့ သရမ်းပုံတွေကိုကြားရရင် ဘယ်လိုများနေ မယ်မသိဘူး။ ဒါပေမဲ့ သည်လူအားလုံးတွေဟာ (သည်အထဲ ဦးလည်း ပါတယ်) အကျင့်စာရိတ္တ ပျက်ပြားနေတဲ့ အသက် ၃၀ အရွယ်မှာ (အကျင့်ပျက်ပြားဆိုတာမှာလည်း မကောင်းမှုအမျိုးမျိုး အစားစားကို ကျူးလွန်ပြီးတဲ့အချိန်မှာ) ဦးတို့တစ်တွေဟာ အိမ်ကြီး အိမ်ကောင်းများ ရဲ့ ခန်းမကြီးများ၊ ကပွဲခန်းမကြီးများထဲသို့ ကျကျနန သားသားနားနား ကောင်းမွန်ထိုက်တန်တဲ့ အဝတ်အစားတွေကိုဝတ်ပြီး ဝင်ရောက်ခဲ့ကြ တယ်။ စံနမူနာထားရမယ့် လူရည်သန့်ကလေးတွေပေါ့။ ဘယ်လောက် သတိစရာကောင်းသလဲဆိုတာ...."

"ဖြစ်သင့်ဖြစ်ထိုက်တဲ့အရာနဲ့ တကယ်ဖြစ်ပျက်နေတဲ့ အရာ

mgyoe.com

mgyoe.com


နှစ်ခုကို ခဏကလေး မောင် စဉ်းစားကြည့်စမ်းပါ။ ပြောပြခဲ့သလို အကျင့်ပျက်ပြားနေတဲ့ လူတစ်ယောက် လူအများ စုဝေးရောက်ရှိနေကြတဲ့ ပွဲလမ်းတစ်ခုမှာ ကျုပ်နှမကလေး အနီးသို့ဖြစ်စေ၊ ကျုပ်သမီးကလေး အနီးသို့ဖြစ်စေ၊ ကပ်လာခဲ့လျှင် ထိုသူအကြောင်းကို ကျုပ်သိပြီးသား ဖြစ်လေတော့ ထိုသူ့ထံကို ကျုပ်သွား၍ အသာလက်တို့ခေါ်သွားပြီး နှစ်ကိုယ်ကြားကလေး "မိတ်ဆွေ ခင်ဗျားရဲ့ အကျင့်စာရိတ္တကို ကျုပ်သိတယ်။ ခင်ဗျား ဘယ်ညက ဘယ်သူနဲ့ ဘယ်မှာအိပ်ခဲ့တယ်ဆိုတာတွေကိုလည်း ကျုပ်သိတယ်။ ဒီတော့ သည်နေရာဟာ ခင်ဗျားနဲ့မတော်ဘူး။ ယခု သည်မှာရှိကြတာက သန့်ရှင်းစင်ကြယ်ပြီး အစွန်းအထင်းကင်းတဲ့ မိန်းမပျိုကလေးများသာ ဖြစ်တယ်။ ခင်ဗျား ယခု ဒီနေရာက ထွက်သွားလိုက်ပါ" ဟု ပြောဆိုမည်ဖြစ်ပါတယ်။ သည်ဟာ ဖြစ်သင့် ဖြစ်ထိုက်တဲ့ အရာပဲ။ ယခုတော့ သည်လိုမဖြစ်ဘူး။ ပြောခဲ့တဲ့ လူမျိုးတစ်ဦးတစ်ယောက်ဟာ ကျုပ်နှမနဲ့ဖြစ်စေ၊ကျုပ်သမီးဖြစ်စေ တွဲကကြပြီး မိန်းကလေးရဲ့ ခါးကလေးကို ထိုသူက လက်နဲ့ပွေ့ဖက်ထားတာကို ကျုပ်တို့တွေ့မြင်ရတဲ့အခါမှာ ထိုသူဟာ ပစ္စည်းဥစ္စာပေါများကြွယ်ဝပြီး ဩဇာရှိတဲ့ မိတ်ကောင်း ဆွေကောင်းပေါများရင်၊ ကျုပ်တို့ဟာ ဝမ်းမြောက်ဝမ်းသာ ကြည်သာရွှင်လန်းစွာ ရယ်မောနေကြပါတယ်။ ဘယ်လောက်ရှက်စရာကောင်းသလဲ၊ သည်လို ရွံမုန်းဖို့ကောင်းတဲ့အရာများ အောင့်နှလုံးနာဖို့ကောင်းတဲ့ ဟန်ဆောင်မှုများ ဘူးပေါ်သလိုပေါ်ပြီး အစတုံးကွယ်ပျောက်သွားဖို့ ဘယ်လောက်ကြာကြာများ စောင့်ရမယ်မသိဘူး"

ဤသို့ပြောပြီး ထူးဆန်းသော အသံကြီးကိုပြုလုပ်ကာ လက်ဖက်ရည်ကို သောက်ပြန်ပါသည်။ သူသောက်သော လက်ဖက်ရည်မှာလည်း အလွန်ကျပါသည်။ ရေနွေးရောရန်လည်း အနီးအနားတွင် မရှိပါ။ ကျွန်တော်သောက်ပြီးသော လက်ဖက်ရည်နှစ်ခွက်ကြောင့်လည်း

mgyoe.com

mgyoe.com

ကျွန်တော်မှာ သွေးပူ၍နေပါသည်။ အဘိုးကြီးသည်လည်း ကျွန်တော်ကဲ့သို့ပင် ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုလျှင် လက်ဖက်ရည်သောက်သည်နှင့်အမျှ စိတ်တိုလျက်ရှိပါတော့သည်။

သူ၏အသံမှာလည်း ကြည်လင်ပြတ်သား၍ လာပါသည်။ နေရာ၌လည်း အတည်တကျထိုင်မနေဘဲ ရွေ့ပြောင်း၍နေပါသည်။ ဦးခေါင်းမှ ဦးထုပ်ကိုလည်း ချွတ်ချည်စွပ်ချည် လုပ်နေပါသည်။ သူ၏မျက်နှာထား အမူအရာမှာလည်း မှောင်ထဲတွင် အမျိုးမျိုးပြောင်းလဲလျက်ရှိပါသည်။

ထို့နောက် ဆက်လက်၍ ပြောပြန်သည်မှာ "ဦးအသက် ၃၀ ထိအောင် သည်အတိုင်းနေလာပါတယ်။ သည်လိုနေထိုင်လာတဲ့ အချိန်အတွင်းမှာလည်း လက်ထပ်ထိမ်းမြားဖို့ အိုးအိမ်တည်ထောင်ကာ အသစ်ပြုပြင်ပြီး အကျင့်ကောင်းကောင်းနဲ့နေထိုင်ဖို့ သားမယားနဲ့ ပျော်ပျော်ရွှင်ရွှင်နေထိုင်ဖို့ စိတ်အမြဲကူးပါတယ်။ သည်လိုစိတ်ကူးတဲ့အတိုင်းလည်း သင့်တော်တဲ့ မိန်းကလေးတစ်ဦးကို အထူးရွေးချယ်ပါတယ်။ ကျုပ်လိုလူတစ်ဦးရဲ့ မယားဖြစ်ရတယ်ဆိုတဲ့ ဂုဏ်ကိုခံယူနိုင်တဲ့ ခြောက်ပြစ်ကင်းပြီး ကြော့ရှင်းတဲ့ မိန်းကလေးတစ်ဦးကို စေ့စေ့စပ်စပ် ကျကျနန ရွေးချယ်ပါတယ်။ အစွန်းအထင်း အပြစ်အနာကောင်းကောင်း မကင်းဘူးထင်တဲ့ မိန်းကလေးများစွာကိုလည်း ကျုပ်နဲ့မထိုက်တန်ဘူးဆိုပြီး ပယ်ရှားခဲ့ပါတယ်။ နောက်ဆုံးကျတော့ ရှာပုံတော်နဲ့ ရှာကျိုးနပ်သွားပါတယ်။ ကျုပ်နဲ့ ထိုက်တန်တယ်ထင်တဲ့ မိန်းကလေးတစ်ဦးကို နောက်ဆုံးတွေ့ပါတယ် ...."

"သူငယ်မက ပင်းဇာမြို့က မြေပိုင်ရှင်တစ်ဦးရဲ့ သမီးနှစ်ယောက်အနက် တစ်ယောက်ဖြစ်ပါတယ်။ သူ့အဖေဟာ တစ်ခါက ပစ္စည်းဥစ္စာကြွယ်ဝသူတစ်ဦးဖြစ်ပါတယ်။ သို့ပေတဲ့ ဟိုအချိန်မှာ ပစ္စည်း ပျက်ပြား

mgyoe.com

mgyoe.com

ပြီး အတော်ကျုပ်တည်းနေပါတယ်။ သူငယ်မနဲ့ကျုပ်ဟာ တစ်ညနေမှာ အတူ လှေလှော်နေကြပါတယ်။ နေဝင်သွားလို့ အိမ်ပြန်လာကြတဲ့အခါ မှာ လကလေးကလည်း သာနေပါတယ်။ သူငယ်မနဲ့ ယှဉ်တွဲပြီး ထိုင်နေ တဲ့အခါမှာ သူ့ရဲ့လှပတဲ့ ဆံပင်ကောက်ကလေးနဲ့ တင်းကျပ်စွာဝတ် ထားတဲ့အင်္ကျီနဲ့ ပန်ရပြီး အမျိုးအစားကျနလှပနေတဲ့ ကိုယ်လုံးကိုယ် ပေါက်ကို ချီးမွမ်းပြီးနေတုန်းမှာ ကျုပ်ရှာနေတဲ့ မိန်းကလေးဟာ သူပဲလို့ ချက်ချင်းဆုံးဖြတ်လိုက်တယ်။ ထိုနေ့ညက ကျုပ်ဝမ်းထဲ စိတ်ထဲမှာ သိရှိခံစားနေတဲ့ ကိစ္စအားလုံးကို သူနားလည်ပြီး သိပြီးဖြစ်နေတယ်လို့ ကျုပ်ထင်မြင်မိတယ်။ ကျုပ်ဟာလည်း အင်မတန်ပျော်ရွှင် နေတယ်။ အမှန်ပြောရရင်တော့ ကျုပ်ထင်တဲ့အထင်ရဲ့ အမြစ်ရင်းကို လိုက်ကြည့် လိုက်ရင် သူရဲ့လှပတဲ့ဆံပင် သူ့ကိုယ်မှာ ကောင်းစွာဝတ် ဆင်ထားတဲ့ အဝတ်နဲ့၊ သူနဲ့ ပူးပူးကပ်ကပ်နေလိုတဲ့ အာသာဆန္ဒများကိုသွားပြီး တွေ့ရတယ် ...”

“လှပခြင်းကို အကျင့်သိက္ခာနဲ့ ပြည့်စုံခြင်းဟူ၍လည်းကောင်း၊ အဆင်းကို အချင်းဟူ၍လည်းကောင်း၊ မှတ်ထင်တာဟာ ဘယ်လောက် ဆန်းကြယ်တဲ့ မျက်လှည့်လဲ လှပယဉ်ကျေးတဲ့ မိန်းကလေးတစ်ယောက် မဟုတ်မဟတ်တွေကို ပြောတဲ့အခါမှာ ကျုပ်တို့ဟာ မဟုတ်မဟတ်တာ ကို မကြားဘူး။ အကြံကောင်း ဉာဏ်ကောင်းလို့ပဲထင်တယ်။ သူက မဟုတ် မဟတ်ပြော၊ ရွံစရာ မုန်းစရာတွေကိုလုပ်၊ သို့ပေမဲ့ ကျုပ်တို့ တစ်တွေက စိတ်ပျော်မွေ့စရာလို့သာ ထင်တယ်။ မိန်းကလေးတစ်ဦး ဟာ ရုပ်ရည်ချောမောပြီး မတော်မလျော်တဲ့စကားကို ပြောလည်းမပြော လုပ်လည်းမလုပ်ရင် ထိုမိန်းကလေးဟာ အကျင့်သိက္ခာနဲ့ ပြည့်စုံပြီး ဉာဏ်ပညာလည်း ကြီးတယ်လို့ ကျုပ်တို့ ယုံကြည်လိုက်ကြတယ်။ ဦးအဖို့မှာတော့ အပျော်ကြီးပျော်ပြီး အိမ်ကိုပြန်လာတယ်။ သူကလေး

mgyoe.com

mgyoe.com

ဟာဖြင့် အကျင့်သီလနဲ့ အင်မတန် ပြည့်စုံပေတယ်။ ဒါကြောင့် ကျုပ်ရဲ့ ဇနီးဖြစ်ထိုက်တယ်လို့ ဆုံးဖြတ်လိုက်ပြီး နောက်နေ့မှာ လက်ထပ်ဖို့ အခွင့်တောင်းလိုက်ပါတယ် ....”

“ဘယ်လောက် ရယ်စရာကောင်းပြီး ရှုပ်ထွေးပွေလီလှတဲ့ စိတ်ကူးများလဲ၊ လက်ထပ်ထိမ်းမြားတဲ့ လူတစ်ထောင်မှာ ကျုပ်တို့ အတန်းအစားထဲမှာသာမက ဆင်းရဲတဲ့ လူထဲမှာလည်း “ဒွန်ပွမ်”(ချဉ် ပေါင်ရွက်သည် မောင်မှိုင်းလိုလူ)လို အကြိမ်ပေါင်းများစွာ မိန်းမနဲ့ မရင်းနှီး မပေါင်းသင်းဖူးတဲ့လူ တစ်ယောက်တလေပင် ရှိမယ်မဟုတ် ဘူး။ ယခုအချိန်မှာတော့ ဦးရဲ့ ကိုယ်တွေ့မျက်မြင်မှ ပြောရမယ်ဆိုရင် လူပျိုစစ်တယ်ဆိုတာကို ဂုဏ်ယူပြီး စည်းစောင့်ကြတဲ့ လူငယ်ကလေး အများပဲရှိတယ်ဆိုတာ ဦးသိရပါတယ်။ ထိုသူများကို ဘုရားသခင် စောင်မပါစေ။ သို့ပေတဲ့ ဦးတို့ခေတ်မှာတော့ သည်လိုလူမျိုးဟာ လူတစ်သောင်းမှာ တစ်ယောက်မရှိဘူး။ သည်လိုဖြစ်ပျက်နေတာဟာ ဖြစ်ရိုးဖြစ်စဉ်ပဲလို့ လူတိုင်းပဲသိနေကြတယ်။ သို့ပေတဲ့ သည်လိုဖြစ်တယ် ဆိုတာမဟုတ်ဘူး။ ဟိုလိုဖြစ်နေတယ်လို့ လူတိုင်းဟန်ဆောင်ပြီး အဆိုး ကိုအကောင်းလုပ်ပြီး ယုံကြည်နေကြတယ် ...”

“ဝတ္ထုတွေထဲမှာလည်း ဇာတ်လိုက်မင်းသားတို့ရဲ့စိတ်မှာဖြစ် ပေါ်တဲ့အကြောင်းတွေ၊ သူတို့လှည့်လည်သွားလာကြတဲ့ တောတောင် ရေမြေတို့ရဲ့အကြောင်းတွေကို အသေးစိတ်ပြီး ဖော်ပြထားတယ်။ သို့ပေ တဲ့ ထိုဇာတ်လိုက်တွေဟာ မိန်းကလေးတွေနဲ့တွေ့လို့ ချစ်တဲ့ ခင်တဲ့ အကြောင်းတွေကို ရေးသားတဲ့အခါမှာ ဇာတ်လိုက်ရဲ့အတိတ်အကြောင်း များကို အလျဉ်းမရေးသားတော့ဘဲ ခြွင်းချန်ထားကြတယ်။ အကယ်၍ ထိုအကြောင်းများကို ရေးသားထားရင်လည်း ထိုဝတ္ထုတွေကိုဖတ်ပြီး အသိသင့်ဆုံး၊ အသိထိုက်ဆုံးဖြစ်တဲ့ မိန်းကလေးများလက်ထဲ မပေးကြဘူး။

mgyoe.com

mgyoe.com


နောက်ပြီး မြို့ရွာတို့မှာနေထိုင်ကြတဲ့ လူတစ်ဦးတစ်ယောက်ရဲ့ အသက် စည်းစိမ်တစ်ဝက်ကို ပျက်စီးစေတဲ့ မကောင်းမှုမျိုးဟာလည်း မရှိဘူးလို့ လူများကို အစမှာ လှည့်ပတ်ထားကြတယ်။ သည်လို လှည့်ပတ်ဖြား ယောင်းထားတာ ခံရဖန်များပြီး ကြာလာတော့ ငါတို့ဟာ အကျင့်သီလနဲ့ ပြည့်စုံတယ်။ ငါတို့နေထိုင်ရာ ကမ္ဘာကြီးဟာလည်း အကျင့်သီလနဲ့ ပြည့်စုံတဲ့ ကမ္ဘာကြီးလို့ပဲ ကျုပ်တို့ထင်မြင်လာကြတယ်။ မိန်းကလေး များမှာတော့ သနားစရာပဲ။ ထိုစကားကို လေးလေးနက်နက် ယုံကြည် ရှာကြတယ်။ ကျုပ်မိန်းမဟာလည်း သည်အတိုင်းပဲ ယုံကြည်တယ်။ သူ့ကို ကျုပ်ရဲ့နေ့စဉ်မှတ်တမ်းကို လက်မထပ်မီပြတယ်။ သည်မှတ်တမ်း မှာပါတဲ့ အကြောင်းအရာတွေကို ဖတ်ရှုခြင်းအားဖြင့် ကျုပ်ဘယ်လို နေထိုင်လာခဲ့တယ် ဆိုတဲ့အကြောင်းကို အရိပ်အမြွက်သူသိနိုင်တယ်။ နောက်ပြီး ကျုပ်ရဲ့နောက်ဆုံးဇာတ်ရှုပ်ကို သူသိထားပြီး ဖြစ်စေချင်တယ်။ ကျုပ်က ကြိုတင်မပြောရင် သူများကပြောမှာ စိုးရိမ်တယ်။ ဒီအကြောင်း သူသိတော့ ဘယ်လောက်အံ့ဩသွားတယ်၊ ဝမ်းနည်းသွားတယ်၊ ထိတ် လန့်သွားတယ်ဆိုတာ ကျုပ်ယခုတိုင် အမှတ်ရသေးတယ်။ သူဟာ ကျုပ် နဲ့တစ်ခါတည်း လင်ခန်းမယားခန်း ဖြတ်လိုက်ချင်ကြောင်း ကျုပ်တွေ့ ရတယ်”

“သည်လို ဖြတ်လိုက်ချင်လျက်နဲ့ ဘာကြောင့် မဖြတ်သလဲ” ဟု ကျွန်တော်က ထောက်၍မေးလိုက်ပါသည်။

အဘိုးကြီးသည် ထူးဆန်းသော ချောင်းသံကိုပြုလျက် စကား တိတ်ဆိတ်သွားပြီး လက်ဖက်ရည်ကို သောက်နေပြန်ပါသည်။

“သည်လိုဖြတ်လိုက်ရင်ကောင်းမှာ၊ ဟုတ်တယ်၊ ဖြတ်လိုက်ရင် တကယ်ကောင်းမှာ “ဒါမှ ကျုပ်ကို နောင်ကြဉ်စေမယ်”ဟု အဘိုးကြီးက ပြောလိုက်လေ၏။

mgyoe.com

mgyoe.com

## အခန်း (၆)

"သို့ပေမဲ့ ဦးပြောလိုတာက တခြားပဲ၊ သည်ကိစ္စမှာ ကျကျနန၊ ပိပိရိရိ အလိမ်ခံကြရတာက သနားစရာကောင်းတဲ့ အမျိုးသမီးကလေး တွေဖြစ်တယ်လို့ ဦးပြောလိုတယ်။ မိခင်များကလည်း၊ လင်ယောကျ်ား များကြောင့် အကျင့်ပျက်နေလေတော့ သည်ကိစ္စတွေကို အားလုံးသိတယ်။ သို့ပေတဲ့ ယောကျ်ားများဟာ သန့်ရှင်းစင်ကြယ်တယ်လို့ ယုံကြည် ဟန်ဆောင်ပြီး၊ သည်ယုံကြည်မှုနဲ့ ဖီလာဆန့်ကျင်တာတွေကိုလုပ်ကြပါ တယ်။ မိခင်များက သူတို့အဖို့နဲ့ သူတို့ရဲ့သမီးကလေးများအဖို့ ယောကျ်ား ဖမ်းတဲ့ကိစ္စမှာ ဘယ်ငါးစာမျိုးကို အသုံးပြုရမယ်ဆိုတာကို သိကြတယ်"

"သည်လိုဖမ်းတဲ့ ကိစ္စမျိုးကို ယောကျ်ားများတော့ဖြင့် မသိကြ ဘူး။ သည်လို မသိတာဟာလည်း ကျုပ်တို့မသိချင်ကြလို့ပဲ။ စာရေးဆရာ များ၊ ကဗျာဆရာများ ဖွဲ့ဆိုကြတဲ့ အချစ်စစ်ဆိုတာ၊ အကျင့်သိက္ခာ ကောင်းကိုမှီပြီး မဖြစ်ပေါ်ဘဲ၊ အဆက်မပြတ် မြင်တွေ့မှုကြောင့်သာ ဖြစ်ပေါ်တယ်။ ဆံပင်ဖြီးလိမ်းပြင်ဆင်ပုံပေါ်မှာ တည်တယ်။ အဝတ် အစား၊ အရောင်အဆင်းနဲ့ ဂိုက်ကျအောင်ဝတ်ဆင်တဲ့အပေါ်မှာ တည်

mgyoe.com

mgyoe.com


တယ်ဆိုတာကို မိန်းမများဟာ ကောင်းကောင်းသိကြတယ်။ စားနေကျ ကြောင်ဖားဖြစ်တဲ့ ပျံလွှားမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို အမိ ဖမ်းနေတဲ့အခါမှာ မေးကြည့်စမ်းပါ။ သူအမိဖမ်းနေတဲ့ ယောကျ်ား တစ်ဦးရဲ့ရှေ့မှာ လိမ်တာ ညာတာ ဂရုမစိုက်တာ အကျင့်စာရိတ္တပျက် ပြားတာကိုပြမလား၊ သို့တည်းမဟုတ် အဝတ်အစား စုတ်စုတ်နုတ်နုတ် အချိုးအစားမကျတဲ့အဝတ်ကို ဝတ်ဆင်ပြမလားဆိုတာ၊ သည်နှစ်ခု အနက် ဘယ်ဟာကို လုပ်မလဲလို့ မေးရင် ပထမအချက်ကို လက်မနှေးဘဲ ရွေးချယ်မှာအမှန်ပဲ။ ဘာဖြစ်လို့လဲဆိုရင် ယောကျ်ားတွေဟာ အကျင့် သိက္ခာအကြောင်းတွေကို ညာဝါးပြောဆိုနေကြပြီး၊ သူတို့တကယ် အလိုရှိတာက မိန်းမရဲ့ခန္ဓာကိုယ်ကြီးပဲ။ ဒါကြောင့် အကျင့်ဘယ်လို ပျက်ပျက် ဗွေမယူဘူး၊ ရှောရှောရှူရှူနဲ့ ခွင့်လွှတ်တတ်ကြတယ်။ သို့ပေမဲ့ ဂိုက်မကျတဲ့ နုတ်စုတ်တဲ့ အဝတ်အစားကို ဝတ်ဆင်လာရင်တော့ ဘယ် တော့မှ မကျေနပ်ဘူး၊ ခွင့်မလွှတ်ဘူး၊ ပျံလွှားမများဟာ သည်အချက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး သိရှိကြတယ်။ ရိုးအတဲ့ မိန်းကလေးများကတော့ သည်အချက်ကို အရိပ်အမြွက်လောက်သာ သိတယ်။ ဒါကြောင့် ကိုယ် ကျပ်အင်္ကျီကလေးများ ပခုံးနဲ့လက်မောင်းများကို ဖော်ပြခြင်းများ၊ ရင်သားမပေါ်တပေါ် ဖော်ခြင်းများကို ပြုလုပ်ကြပေတာပဲ။ ယောကျ်ား များ ပြောလေ့ရှိတဲ့ ကြီးကြီးကျယ်ကျယ် ဟိုနှယ်သည်နှယ် အကြောင်း အရာတွေဟာ အနှစ်ကင်းတဲ့ စကားတွေသာဖြစ်ပြီး ယောကျ်ားများဟာ စင်စစ် မိန်းမရဲ့ခန္ဓာကိုယ်နဲ့ သည်ခန္ဓာကိုယ်ကို တပ်မက်နှစ်သက်ဖွယ် ဖြစ်အောင် တန်ဆာဆင်ပြင်မှုကိုသာ တကယ်တမ်း အလိုရှိကြ တောင့်တ မက်မောကြတယ်ဆိုတဲ့အကြောင်းကို မိန်းမများကောင်းကောင်းသိတယ်။ သည်လိုသိကြလို့ သိတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာပြုကျင့်ကြ ပေတာပဲ"

mgyoe.com

mgyoe.com

"ပေါင်းသင်းဆက်ဆံရေးမှာ လိုက်နာနေကြတဲ့ ကျင့်သားရပြီးသား ထုံးတမ်းစဉ်လာများကို အသာဖယ်ထားပြီး အထက်တန်းစားလူများရဲ့ အစစ်အမှန်၊ နေပုံထိုင်ပုံ၊ လုပ်ပုံကိုင်ပုံတွေကို စဉ်းစားကြည့်မယ်ဆိုရင် အင်မတန် ကျက်သရေကင်းမဲ့ပြီး အရုပ်ဆိုးနေတဲ့အဖြစ်ကို ကျုပ်တို့တွေ့ရလိမ့်မယ်။ မောင်ရင်သဘောမကျဘူးလား၊ သဘောမကျရင် ကျုပ်ရှင်းပြမယ်"ဟု အဘိုးကြီးက ကျွန်တော်၏စကားကို ဖြတ်၍ ပြောလိုက်ပြန်ပါသည်။

"ပြည့်တန်ဆာမများရဲ့ ရည်ရွယ်ချက်နဲ့ ကျုပ်တို့အထက်တန်းစား မိန်းမများရဲ့ ရည်ရွယ်ချက်ဟာ မတူကြဘူးလို့ မောင်ရင်က ဆိုတယ်။ ဒီလိုမဟုတ်ဘူး တူတယ်လို့ ကျုပ်ကပြောတယ်။ ကျုပ်ပြောတာ ဟုတ်မှန်တယ်ဆိုတာကိုလည်း ကျုပ်ရှင်းပြမယ်..."

"လူများဟာ တစ်ဦးနဲ့တစ်ဦး စိတ်ထားသဘောထား ရည်ရွယ်ချက်ချင်း မတူကြဘူးဆိုရင် သူတို့ရဲ့ လုပ်ပုံကိုင်ပုံ ဆောင်ရွက်ပုံများဟာလည်း တူမယ်မဟုတ်ကြဘူး။ စိတ်ထား သဘောထား အယူအဆချင်း ကွဲပြားသလို အပြင်အပ ဝတ်စားဆင်ယင် ပြုပြင်ခြင်းများမှာလည်း ကွဲပြားခြားနားကြပေလိမ့်မယ်။ ကျုပ်တို့ရဲ့သနားစဖွယ် အကျင့်ပျက်ပြားသွားကြရရှာတဲ့ မိန်းမပျက်များနဲ့ ဂုဏ်အမြင့်ဆုံး အထက်တန်းမှ မိန်းမများကို နှိုင်းယှဉ်ကြည့်စမ်းပါ။ မောင်ရင် ဘာကိုတွေ့ရမလဲ။ အလှအပပြင်တဲ့ ပစ္စည်းချင်းလည်းအတူတူ၊ အဝတ်အစားချင်းလည်းအတူတူ အမွှေးအကြိုင်ချင်းလည်းအတူတူ၊ လက်မောင်းပခုံးတို့ဖော်ပုံချင်းလည်း အတူတူ၊ စိန်ရွှေလက်ဝတ်လက်စား ငမ်းငမ်းတက် ကြိုက်ပုံချင်းလည်း အတူတူ၊ အဖိုးထိုက်၊ အဖိုးတန်အဆင်အပြင် တန်ဆာကြိုက်တာချင်းလည်း အတူတူ၊ ပျော်ရွှင်မှုကြိုက်ပုံချင်းလည်း အတူတူ၊ ကပွဲများတွင် ကပုံချင်းလည်း အတူတူ၊ သီချင်းနဲ့ အတီးအမှုတ် အဖျော်အဖြေကို

mgyoe.com

mgyoe.com

ကြိုက်နှစ်သက်တာချင်းလည်း အတူတူပဲ မဟုတ်လား။ ဖော်ပြခဲ့တဲ့ အရာဝတ္ထုများကို မိန်းမပျက်များဟာ ယောကျ်ားများကို သူတို့အလိုသို့ ပါအောင် ဖြားယောင်းသွေးဆောင်ဖို့အတွက် အသုံးချသလိုပဲ။ ဂုဏ်သရေရှိ အထက်တန်းစားများဟာလည်း အသုံးချတာပဲမဟုတ်လား၊ သည်တော့ သူတို့တစ်တွေမှာ ဘာမှကွဲပြား ခြားနားခြင်းမရှိဘူး မဟုတ်လား ....”

❑

mgyoe.com

mgyoe.com

# အခန်း (၇)

"ဒါနဲ့ ကျုပ်ဟာ ကိုယ်ကျပ်အင်္ကျီနဲ့ ကော့လိမ်နေတဲ့ ဆံပင်များရဲ့ အမိဖမ်းခြင်းကို ခံလိုက်ရတယ်။ ကျုပ်ကိုဖမ်းတဲ့ ကိစ္စဟာလည်း လွယ်ကူပါတယ်။ ဘာကြောင့်လဲဆိုတော့ လောကဓာတ်ပညာနဲ့ စီမံထားတဲ့အိမ်ထဲမှာ သစ္စားသီးများကို အချိန်အခါမဟုတ်ဘဲ အသီးခိုင်းသလို၊ ကျုပ်ဟာလည်း ချစ်စိတ်မွန်တဲ့ ယောကျ်ားကလေးများကို ပေါ်ထွန်းစေမယ့် ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရခဲ့သူ ဖြစ်ပါတယ်။ ကျုပ်တို့စားတဲ့ အစာတွေဟာလည်း ကာမဂုဏ်ကိုပွားစေပြီး လိုသည်ထက်ပိုနေတဲ့ အစာတွေဖြစ်တဲ့ပြင် ဘာမျှအလုပ်အကိုင်မရှိဘဲ အားလပ်နေတဲ့ အချိန်တွေကိုလည်း စဉ်းစားကြည့်ပေတော့ ..."

"သည်အကြောင်းနဲ့ပတ်သက်ပြီး မောင်ရင်အံ့သြချင်အံ့သြ၊ မအံ့သြချင်လည်းနေပါ။ သဘောပါပဲ။ သို့ပေတဲ့ သည်အတိုင်းပဲ၊ သည်အကြောင်း ဦးသိတာတောင် မကြာသေးဘူး။ သည်လိုသိရတာနဲ့ တစ်ပြိုင်နက် ထိုအကြောင်းကို လူတွေမသိလေခြင်းဆိုပြီး ကြေကွဲဝမ်းနည်းခြင်း ပြင်းပြစွာဖြစ်မိတယ်။ သည်လိုမသိကြလို့လည်း ယခုနက

mgyoe.com

mgyoe.com


မိန်းမကြီးလို မဟုတ်မဟတ်တာတွေကို လျှောက်ပြီးပြောကြတာပဲ..."

"လွန်ခဲ့တဲ့ နှစ်ဦးပေါက်က ကျုပ်တို့အနီးအနားမှာ တောသူတောင်သားများ မီးရထားလမ်း အလုပ်လုပ်ကြတယ်။ ကျန်းမာသန်စွမ်းတဲ့ တောသူတောင်သားများဟာ မပင်မပမ်းလွန်းတဲ့ လယ်ကွင်းက အလုပ်ကိုလုပ်ကြရင် ဂျုံမုန့် ကြက်သွန်နဲ့ဟင်းကိုသာ စားပြီး၊ ကျန်းမာသန်စွမ်း အားအင်ပြည့်ဖြိုးကြတယ်။ မီးရထားကုမ္ပဏီရဲ့အလုပ်ကို ဝင်ရောက်လုပ်ကိုင်တဲ့အခါမှာ ဂျုံပြုတ်နဲ့ အမဲသားတစ်ပေါင်ကို စားရတယ်။ သည်လိုစားပြီး ပေါင်သုံးဆယ်ရှိတဲ့ လက်တွန်းလှည်းနဲ့ ၁၆ နာရီတိုင်တိုင် အလုပ်လုပ်ကြတယ်။ ကျုပ်တို့မှာတော့ သူတို့လိုမဟုတ်ဘူး။ အမဲသားငါးများအပြင် အခြားအစားကောင်း အသောက်ကောင်းများကို စားကြတယ်။ သည်လိုစားသောက်ပြီးတော့ ဘာဖြစ်သလဲလို့ ကျုပ်ကမေးချင်တယ်။ သည်လိုစားလို့ အားအင်လိုသည်ထက် ပိုလာတော့ ကာမဂုဏ်မှုတွေ တက်ကြွလာတယ်။ သည်လိုတက်ကြွလာတော့ ကျုပ်တို့ရဲ့ ပေါင်းသင်းဆက်ဆံရေးအရ တစ်ဦးနဲ့တစ်ဦး ချစ်ကြိုက်ကြပါတယ်"

"ဒီလိုနဲ့ အခြားသူတွေလိုပဲ ကျုပ်ဟာ ချစ်ကြိုက်မိပါတယ်။ သည်လိုချစ်တဲ့ကိစ္စမှာ အဖက်ဖက်က လိုလေသေးမရှိဘူး။ အားလုံးပြည့်စုံတယ်။ ပျော်ရွှင်ခြင်း၊ မြူးထူးခြင်းဆိုတာတွေလည်း မချို့တဲ့ပါဘူး။ သို့ပေတဲ့ ကျုပ်ချစ်ကြိုက်မိတာကတော့ အမေလုပ်သူရဲ့ အစီအမံကောင်းခြင်း အဝတ်အစားချုပ်လုပ်သူရဲ့ လက်ရာကောင်းခြင်းနဲ့ အစားကောင်း အသောက်ကောင်းတွေစားပြီး ဘာမျှအလုပ်အကိုင်မရှိ အားလပ်နေခြင်းတို့ပူးပေါင်းပြီး လှုံ့ဆော်မှုကြောင့်ဖြစ်သွားရပါတယ်။ အကယ်၍သာ သူနဲ့အတူ လှေမလှော်ကြဘူး။ ခါးချဉ်ကောင်ရဲ့ခါးလို သွေးသွယ်အောင်ချုပ်လုပ်တတ်တဲ့ အဝတ်ချုပ်သမားလည်း မရှိဘူး။ ကျုပ်မိန်းမဟာလည်း ရိုးရိုးအဝတ်အစားများကိုသာ ဝတ်ဆင်ပြီး သူ့အိမ်မှာသူ

mgyoe.com

mgyoe.com

အေးအေးနေမယ်ဆိုရင် ကျုပ်ဟာလည်း လူကောင်းသူကောင်းများ ထုံးစံအတိုင်း ရိုးရိုးသားသား အသက်မွေးနေမယ်ဆိုရင် ကျုပ်ဟာ ချစ်ကြိုက်မိမှာလည်း မဟုတ်ဘူး။ မချစ်ကြိုက်မိရင် ၎င်းနဲ့ပတ်သက်ပြီး ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေဟာလည်းပဲ ဖြစ်တော့မယ်မဟုတ်ပေဘူး..."

❑

mgyoe.com

mgyoe.com

# အခန်း (၈)

"အမှန်မှာတော့ ကျုပ်စိတ်ယိမ်းယိုင်ခြင်း၊ မိန်းကလေးရဲ့ အဝတ်အစားလှပခြင်း၊ လှေထဲမှာ အတူယှဉ်တွဲပြီး လှော်ခတ်ခြင်းတို့ ပူးပေါင်းပြီး၊ ထိုကိစ္စကို အထမြောက်အောင် ဆောင်ရွက်ပေးလိုက်ကြတာပါပဲ။ သည်လို အမိဖမ်းတဲ့ကိစ္စဟာ အရင်က အကြိမ် ၂၀ လောက် အောင်မြင်ထမြောက်ခြင်း မရှိခဲ့ဘူး။ ယခုတစ်ကြိမ်မှာတော့ ထမြောက်အောင်မြင်သွားပြီး ထောင်ချောက်ထဲ အမိခံရတဲ့လူဟာ ကျုပ်ဖြစ်နေတာပါပဲ"

"ကျုပ်တို့ခေတ်မှာ လက်ထပ်ထိမ်းမြားတဲ့ကိစ္စဟာ ထောင်ချောက်နဲ့ဖမ်းတာမျိုးနဲ့ တူတယ်လို့ ကျုပ်ပြောတာဟာ ရယ်စရာမဟုတ်ပါဘူး။ ဒီလိုပြုလုပ်ရတာဟာလည်း စင်စစ်တော့ သဘာဝကျပါတယ်။ အရွယ်ရောက်လာတဲ့ မိန်းကလေးတစ်ဦးကို လင်ယောကျ်ား ပေးစားရမယ်။ သည်မိန်းကလေးဟာ အရုပ်မဆိုးဘူးဆိုရင်၊ ယောကျ်ားပေးစားတဲ့ အလုပ်ဟာ လွယ်ကူစရာအကြောင်းရှိတယ်။ သူ့ကိုလက်ထပ်ချင်ကြတဲ့ ယောကျ်ားဟာလည်း မရှားဘူး။ ရှေးရှေးကတော့ဖြင့် သည်ကိစ္စဟာ လွယ်ကူပါတယ်။ မိန်းကလေးဟာ အရွယ်ရောက်လာရင် မိဘများက

mgyoe.com

mgyoe.com


တော်သင့်သူနဲ့ စေ့စပ်ပေးကြပါတယ်။ ယနေ့မှာတောင် တရုတ်လူမျိုး၊ ကုလားလူမျိုး၊ မဟာမေဒင်လူမျိုး၊ ရှရှားလူမျိုး၊ အောက်တန်းစားများ ဟာ သည်လိုပဲ စီမံနေကြပါတယ်။ အမှန်မှာတော့ဖြင့် ကမ္ဘာပေါ်ရှိ လူတစ်ရာမှာ ၉၉ ယောက်ဟာ သည်အတိုင်း လိုက်နာဆောင်ရွက်နေ ကြတယ်။ ကျန်တဲ့တစ်ဦးလောက်သာ အကျင့်သိက္ခာပျက်ပြားလေ တော့ သည်ပြဿနာကို သည်လိုဖြေဆိုတာ မကြိုက်နိုင်ဘဲ နည်းသစ် နည်းဆန်းကို တီထွင်နေတာဖြစ်တယ်။ ဒီနည်းသစ်ရဲ့ အင်္ဂါတွေက ဘာတွေလဲဆိုရင် မိန်းကလေးဟာ အိမ်မှာထိုင်နေတယ်။ ယောကျ်ား ကလေးက ဈေးမှာအဝယ်သွားသလို သွားပြီး ရွေးချယ်တယ်။ သည် လိုရွေးချယ်ခံရတဲ့အခါမှာ မိန်းကလေးဟာ မျှော်တော်ဇောနဲ့ စောင့်ဆိုင်း စိတ်ကူးနေရတယ်။ သို့ပေတဲ့ "ကိုကို ကျွန်မကို ယူပါ" "အို ကျွန်မကို ယူပါ။ သူ့ကိုမဟုတ်ဘူး၊ ကျေးဇူးပြု၍ ကျွန်မကိုသာယူပါ၊ ကြည့် စမ်းပါ၊ ကျွန်မရဲ့ပခုံးဟာ ဘယ်လောက် အချိုးအစားကျသလဲဆိုတာ" လို့ ပါးစပ်ကတော့ဖြင့် ပြောင်ပြောင်ကြီး ဖွင့်မပြောရဲ ဘူး။ ဒီအချိန်မှာ ကျုပ်တို့ ယောကျ်ားများက ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး တစ် ယောက်ပြီး တစ်ယောက် သေသေချာချာကြည့်၊ ကိုယ့်ဘာသာလည်း သဘောကျပြီးတော့ ကိုယ့်ဟာကိုယ် စိတ်ထဲမှာတော့ "ကျုပ်ပါးပါ တယ်၊ ကျုပ်ကို ဘာ သည်လို အမိဖမ်းလို့ရမလဲ..." လို့ ပြောဆိုကြ တယ်။ သည်လိုနဲ့ ကျုပ်တို့ဟာ အသွားအပြန်လျှောက် ကြည့်ကြပြီး သည်လိုခင်းကျင်းပြသထားတာကို နှစ်နှစ်ခြိုက်ခြိုက်သဘောကျကြ တယ်။ သည်လိုနဲ့မကြာမီပဲ ကျုပ်တို့အထဲက လူတစ်ယောက်ဟာ ခြေချော်ကျသွားပြီး နောက်ဆုံး ထောင်ချောက်ထဲ မိနေတော့တာပါပဲ..."

"သည်လိုဖြစ်တော့ ဦးဘယ်လိုလုပ်မလဲ၊ မိန်းကလေးက ယောကျ်ား ကလေးကို စတင်ပြီးပြောဖို့ကိုတော့ ဦးလိုလားမယ်မဟုတ်ပါဘူး" ဟု

mgyoe.com

mgyoe.com

ကျွန်တော်က မေးလိုက်လျှင် ....

"အမှန်မှာတော့ ကျုပ်ဘာကို အလိုရှိတယ်ဆိုတာကို ကျုပ်မသိဘူး။ ညီညာတဲ့ အခွင့်အရေးမျိုးရှိဖို့ လိုတယ်ဆိုရင်တော့ တကယ်တမ်း ညီညီညာညာ ဖြစ်စေချင်တာပါပဲ"

"ကြေးစားတဲ့သူများက မိန်းကလေးနဲ့ ယောကျ်ားကလေးကို စပ်ဟပ်ပေးခြင်းဟာ ဂုဏ်ကျက်သရေမရှိဘူးလို့ဆိုရင် ကျုပ်တို့ရဲ့နည်းသစ်ဟာ ထိုထက် အဆပေါင်းတစ်ထောင်လောက် ယုတ်ညံ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပထမနည်းမှာ ယောကျ်ားကလေးနဲ့ မိန်းကလေးဟာ နှစ်ဦးစလုံး သူမသာ ငါမနာ ညီညာတဲ့အခွင့်အရေးကို ရရှိကြတယ်။ ဒုတိယ ကျုပ်တို့ရဲ့နည်းကတော့ မိန်းကလေးဟာ ဈေးမှာရောင်းဖို့ထားတဲ့ ကျေးကျွန်နဲ့သော်လည်းကောင်း၊ ဖြားယောင်းသွေးဆောင်ဖို့အတွက်ထားတဲ့ တည်ကြက်နဲ့သော်လည်းကောင်း တူနေတယ်"

"မိခင်တစ်ဦးကိုဖြစ်စေ၊သူ့သမီးကိုဖြစ်စေ၊သူတို့ရဲ့ နည်းလမ်းသစ်တွေဟာ၊ လင်တစ်ယောက်ကို အမိဖမ်းဖို့ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုတည်းမှာ တည်နေတယ်လို့ ဖြောင့်ဖွင့်ပြီးချလိုက်ရင်၊ မြတ်စွာဘုရားရေ .... ဘယ်လောက်များ ဒေါပွလိုက်ကြမလဲလို့၊ သို့ပေမဲ့ သူတို့တစ်တွေဟာ သည်အတိုင်းပဲ လုပ်နေကြတယ်။ သူတို့အဖို့ အခြားလုပ်စရာလည်း ဘာမှမရှိဘူး။ တစ်ခါတစ်ရံ ဆင်းရဲပင်ပန်း ဘာမှန်း ညာမှန်း မသိသော အသက်အရွယ်ငယ်သေးတဲ့ မိန်းကလေးများ သည်လိုလင်ဖမ်းတဲ့အလုပ်ကို လုပ်နေတာတွေ့မြင်ရတော့ အင်မတန်ကြောက်လန့်ဖို့ကောင်းတယ်။ သည်လိုပြုလုပ်တဲ့ကိစ္စတွေဟာ ဝမ်းပန်းနည်းဖွယ်ရာ ကောင်းလှပေတဲ့ ထင်ထင်ပေါ်ပေါ် သိသိသာသာ လုပ်ရရင်တော်သေးတယ်။ သို့ပေတဲ့ နောက်ဆုံးမှာတော့ ဖြားယောင်းသွေးဆောင်မှုပေပဲ"

mgyoe.com

mgyoe.com

"အား ... သတ္တဝါတွေရဲ့ အစလား၊ ဘယ်လောက်စိတ်ဝင်စားဖို့ကောင်းသလဲ။ အိုး ... သမီးဟာ ပုံဆွဲပညာကို အင်မတန်ဝါသနာပါတယ်။ မင်းပြပွဲသွားဦးမှာလား။ ဘယ်လောက် ဗဟုသုတရမလဲ။ ရထားနဲ့သွားမလို့လား၊ ကပွဲလား၊ ပြဇာတ်လား။ အို ... ဘယ်လောက်အံ့ဩဖို့ကောင်းသလဲ။ သမီးဟာ ဂီတပညာကို အင်မတန်စိတ်ပါတယ်။ မင်း သည်အယူအဆတွေကို မကြိုက်ဘူး ဟုတ်စ၊ လေ့လော့်ထွက်ကြတဲ့လူစု၊ အင်း ... လေ့လော့်ထွက်ကြတဲ့ လူစုတွေ စသည်ဖြင့် မိခင်လုပ်သူတစ်ဦးဟာ ပြောဆိုလိမ့်မယ်"

"သည်လိုပြောဆိုတဲ့ စကားတွေရဲ့ အောက်ခြေမှာ တည်နေတဲ့ စိတ်ဆန္ဒဟာက တစ်ခုတည်းပါပဲ။ သည်စကားအားလုံးကို သတ္တုချကြည့်လိုက်ရင်..." ကျွန်မကို ယူပါရှင် ကျေးဇူးပြု၍ ကျွန်တော်မကို ယူပါ။ ကျွန်မ သမီးကလေးကိုယူပါ ကျေးဇူးရှင်ကြီးရယ် ကျွန်မကိုယူပါ..." လို့ဆိုတာပဲ။ အိုး ဘယ်လောက် စိတ်မချမ်းမြေ့စရာကောင်းသလဲ လို့ဆိုတာ ဆိုးယုတ်လှတဲ့ လိမ်လည်လှည့်ဖြားနေမှုတွေပဲ" ဟူ၍ပြောကာ ကျန်သမျှလက်ဖက်ရည်ကို ကုန်အောင်သောက်လိုက်ပြီး၊ ပန်းကန်ခွက်ယောက်များကို သိမ်းဆည်း၍နေပါတော့သည်။

❑

mgyoe.com

mgyoe.com

# အခန်း (၉)

လက်ဖက်ခြောက်နှင့် သကြားများကို အိတ်ထဲသို့ထည့်ရင်း ဆက်လက်ပြောဆိုပြန်သည်မှာ ...

"ဟုတ်တယ် သည်ဟာ မိန်းမများ တန်ခိုးကြီးမှုရဲ့အကြောင်း ရင်းပဲ သည်ဟာကြောင့်လည်း ကမ္ဘာကြီးတစ်ခုလုံးဟာ ဒုက္ခဖြစ်နေတာပဲ"

"မိန်းမများက တန်ခိုးကြီးတယ်လို့ ဘာ့ကြောင့် ဦးဆိုနိုင်သလဲ၊ အခွင့်အရေးမှန်သမျှဟာ ယောကျ်ားလက်ထဲမှာ ရှိနေတယ်မဟုတ်လား" ဟု ကျွန်တော်က မေးလိုက်လျှင် ....

"မှန်ပါတယ် .... မှန်ပါတယ်၊ မောင်မေးတာဟာ ဦးပြောမှာနဲ့ ထပ်တူထပ်မျှ ဖြစ်နေပါတယ်။ ဆန်းကြယ်စွာဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ရဲ့ သဲလွန်စကို ကျုပ်တို့ရရှိနေပြီ။ တစ်ဖက်ကကြည့်ရင် မိန်းမများဟာ အယုတ်ညံ့ဆုံးအခြေကိုဆိုက်နေတယ်၊ တခြားဘက်က ကြည့်ပြန်ရင် သူတို့ဟာ တန်ခိုးအကြီးဆုံးဖြစ်နေတယ်။ သည်ဖြစ်ပုံဟာ ရဟူဒီလူမျိုးဖြစ်ပုံနဲ့ တူနေတယ်။ ရဟူဒီတွေဟာ အညှဉ်းပန်း အနှိပ်စက်

mgyoe.com

mgyoe.com

ခံရလို့ ကလဲ့စားချေတဲ့သဘောနဲ့ တစ်ဘက်က တန်ခိုးကြီးပြီး ဩဇာရှိနေတယ်၊ မိန်းမတွေဟာလည်း သည်အတိုင်းပဲ၊ ရဟူဒီတွေက "အိုး... သင်တို့က ကျွန်ုပ်တို့အား ကုန်သည်များလုပ်ကြဖို့ အမိန့်အာဏာထုတ်ကြတယ်။ ကောင်းပါပြီ ကျွန်ုပ်တို့ဟာ ကုန်သည်အဖြစ်နဲ့ သင်တို့အပေါ်မှာ လွှမ်းမိုးရလိမ့်မယ်..." လို့ မပြောသော်လည်း ပြောသလို မိန်းမများကလည်း "သင်တို့က ကျွန်ုပ်တို့ကို သင်တို့ပျော်ပါးဖို့အတွက် အသုံးပြုကြတယ် ကောင်းပြီ သင်တို့ကို ကျွန်ုပ်တို့က နိုင်နင်းဖိနှိပ်ရပါလိမ့်မယ်" ဟု ပြောကြပေမယ်"

"မိန်းမများရဲ့ အခွင့်အရေးကိုမပေးဘဲ ငြင်းပယ်တယ်ဆိုတာမှာ မိန်းမတွေကို မဲဆန္ဒပေးခွင့်မပြုတာ တရားရုံးများမှာ ရုံးထိုင်ဖို့အခွင့်မပြုတာ၊ သည်ကိစ္စ၊ ဟိုကိစ္စတွေကို ဦးစီးခေါင်းဆောင်လုပ်ပြီး စီမံခန့်ခွဲဖို့ အခွင့်မပြုတာမဟုတ်ဘူး၊ ယောကျ်ားနဲ့မိန်းမပေါင်းသင်းဆက်ဆံတဲ့နေရာမှာ မိန်းမကို ယောကျ်ားထက်ယုတ်ညံ့အောင်လုပ်ထားခြင်းကိုဆိုလိုပါတယ်။ ဥပမာဆိုရင် မိန်းမဟာ လင်သားကို ရွေးချယ်ဖို့တန်ခိုး သူ့လက်ထဲမှာမရှိဘူး။ မိန်းမဟာ ယောကျ်ားရဲ့ ရွေးချယ်ခြင်းကိုခံဖို့ စောင့်စားနေရပါတယ်"

"သည်လိုရွေးချယ်ခွင့် မိန်းမများကို ပေးလိုက်ရင် ကျော်မကောင်းကြားမကောင်း ဖြစ်ကုန်လိမ့်မယ်လို့ မောင်ရင်က ဆိုတယ်ဟုတ်ကဲ့လား၊ ကောင်းပြီ ဒီလိုဆိုရင် ယောကျ်ားများကိုလည်း ဒီအခွင့်အရေးတွေ မပေးနဲ့ပေါ့။ ယခုအခါမှာတော့ မိန်းမတွေဟာ ယောကျ်ားများ လက်ခုပ်ထဲက ရေဖြစ်နေတယ်။ ဒါကြောင့် သည်အခွင့်အရေးတွေ ဆုံးရှုံးရတဲ့အတွက် လျော်ကြေးအဖြစ်နဲ့ ယောကျ်ားများရဲ့အာရုံတွေကို မိန်းမများက ကစားနေကြတာပဲ။ ဒီလိုကစားပြီး ယောကျ်ားများကို ကောင်းကောင်းကြီးဖိနှိပ်လိုက်တာ ယောကျ်ားများ ရွေးချယ်နိုင်တယ်ဆိုတဲ့ အခွင့်အရေး

mgyoe.com

mgyoe.com

ဟာ အမှန်တော့ ဘာမှအသုံးချလို့မရဘူး ဖြစ်သွားတယ်။ စင်စစ်တော့ ရွေးချယ်တဲ့ သူဟာက မိန်းမဖြစ်နေတယ်။ သည်လို ဖိနှိပ်နိုင်နင်းနိုင်တဲ့ နည်းလမ်းကို ပိုင်နိုင်သွားတဲ့အခါမှာ အရမ်းအသုံးချပြီး ယောကျ်ားကို ကြောက်ခမန်း လန့်ခမန်းနိုင်တော့တာပါပဲ..."

"ဒီအဲ့ဩဖို့ကောင်းတဲ့ တန်ခိုးတွေကို ဘယ်လိုနေရာမှာ တွေ့မြင်နိုင်ပါသလဲ" ဟု ကျွန်တော်က မေးလိုက်လျှင် ....

"နေရာတိုင်းမှာ တွေ့နိုင်ပါတယ်။ ဥပမာ မြို့ကြီးတစ်မြို့မှာ ရှိတဲ့ဆိုင်များကို ဖြတ်သွားကြည့်ပါ။ ပြတင်းတံခါးများမှာ ပြသထားတဲ့ ပစ္စည်းများရဲ့တန်ဖိုးနဲ့ ထိုပစ္စည်းများဖြစ်အောင် ပင်ပန်းကြီးစွာပြုလုပ်ရတဲ့ ယောကျ်ားများရဲ့ ဒုက္ခဟာ ကြီးမားလှသဖြင့် ခန့်မှန်းဖို့ခဲယဉ်းလိမ့်မယ်။ သည်ပစ္စည်းတွေကို စစ်ဆေးကြည့်ရင် ဆိုင်ဆယ်ဆိုင်အနက် ကိုးဆိုင်မှာရှိတဲ့ ပစ္စည်းတွေဟာ ယောကျ်ားများအသုံးပြုဖို့ အသုံးအဆောင်မဟုတ်တာကို တွေ့ရလိမ့်မယ်။ ကာမဂုဏ်ခံစားမှုနဲ့ သက်ဆိုင်တဲ့ အရာဝတ္ထုပဟူသမျှဟာ မိန်းမများ၏ အလိုဆန္ဒကြောင့်ဖြစ်ပေါ်ပြီး ထိုအလိုဆန္ဒကြောင့် တည်တံ့နေပါတယ်။ စက်ရုံကြီးတွေကို ကြည့်စမ်းပါ။ ရာခိုင်နှုန်းများစွာသော စက်ရုံကြီးတွေဟာ မိန်းမများအတွက် တကယ်အသုံးမကျတဲ့ အဝတ်အစား အဆောင်အယောင် အိမ်ထောင်ပရိဘောဂ ကစားစရာများကိုသာ ပြုလုပ်ကြတယ်။ သန်းပေါင်းများစွာသောလူများနှင့် ကျေးကျွန်မျိုး အဆက်ဆက်တို့ဟာ မိန်းမများရဲ့ လိုအင်ဆန္ဒ ပြည့်ဝရေးအတွက် ပင်ပန်းဆင်းရဲစွာ ထိုစက်ရုံကြီးများ ထဲမှာ အသက်သေသည်တိုင်အောင် အလုပ်လုပ်ကြရတယ်။ မိန်းမများ ဟာ ဘုရင်မကြီးများပမာ ကမ္ဘာပေါ်ရှိ ဆယ်ပုံကိုးပုံမျှသော လူတို့ကို ထောင်ပို့ပြီး အလုပ်ကြမ်းကို လုပ်ခိုင်းနေကြတယ် ...."

"သည်လိုဖြစ်တာဟာ ယောကျ်ားများက သူတို့ကို တန်းတူ

mgyoe.com

mgyoe.com

အခွင့်အရေး မပေးဘဲ၊ ယုတ်ညံ့အောင်လုပ်ကြတဲ့အတွက် ကလဲ့စားချေခြင်းပဲ။ သူတို့ရဲ့ ပရိယာယ်မာယာတွေဟာ ကျုပ်တို့ရဲ့ ကာမဂုဏ်စိတ်ကိုယိုဖိတ်စေပြီး ကျုပ်တို့ကို သူတို့ထောင်ထားတဲ့ပိုက်ကွန်ထဲ ဆွဲသွင်းဖို့ဖြစ်တယ်။ အမှန်ပဲ၊ ကျုပ်ပြောခဲ့တဲ့ အဖြစ်အပျက်တွေရဲ့ အခြေအမြစ်ဟာ ဒါပဲ။ မိန်းမတွေဟာ သူတို့ကိုယ်ကို လူ့စိတ်ကို အင်မတန်ထိခိုက်စွမ်းနိုင်တဲ့ တန်ခိုးရှိတဲ့ ပျော်ပါးစရာများအဖြစ်သို့ရောက်အောင် ဖန်တီးထားကြလေတော့၊ ယောကျ်ားများဟာ သူတို့အနားကို ကပ်၍သွားရင် စိတ်တည်ငြိမ်စွာထား၍ မရနိုင်အောင်ဖြစ်ရတယ်။ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ဦးရဲ့အနီးကို ကပ်သွားမိရင် မိန်းမရဲ့ ဆွဲဆောင်နိုင်တဲ့ဓာတ်ကို မခံနိုင်ဘဲ ယိမ်းယိုင်ပါသွားပြီး၊ ထိုသူရဲ့ အသိဉာဏ်တွေဟာလည်း တစ်ခါတည်း ပျက်ပြားသွားတော့တာပဲ။ ရှေးအခါကပဲ ကပွဲအဝတ်ဝတ်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ ရှေ့မှောက်မှာ ရောက်ရှိနေတဲ့အခါ ကျုပ်ဟာ နေမထိထိုင်မထိနဲ့ ဖြစ်လေ့ရှိတယ်။ ယခုအချိန်မှာတော့ အဝေးမှမြင်ရရင်ကို ကြောက်ရွံ့တုန်လှုပ်မိတယ်။ ဘာကြောင့်လဲဆိုရင် သည်လိုမိန်းမတစ်ဦးဟာ လူအများအဖို့ ဘေးရန်တစ်ခုဖြစ်တယ်။ တရားနည်းလမ်းအရ ထိုဘေးရန်ဟာလည်း မရှိသင့်ဘူးလို့ ကျုပ်ထင်တယ်။ သည်လိုအခါမျိုးမှာ ပုလိပ်တစ်ယောက်ကို ခေါ်ပြီး ကျုပ်အားကျရောက်ရန် ချိန်ရွယ်နေတဲ့ဘေးရန်ကို ကာကွယ်ပေးဖို့ ထိုဘေးရန်ကို ရှင်းလင်းဖယ်ရှားပေးဖို့ တိုင်ကြားချင်တဲ့ စိတ်ပေါက်လာတယ် ...”

“သည်လိုပြောတာကို မောင်ရင် ရယ်ချင်မှာပဲ၊ ဟုတ်စ...၊ သို့ပေမဲ့ သည်ကိစ္စဟာ ရယ်စရာမဟုတ်ဘူးလို့ ကျုပ်ပြောပြနိုင်တယ်။ မကြာမီ အချိန်အခါကောင်း ရောက်လာလိမ့်မယ်။ သည်အခါကျရင် သည်ကိစ္စကို လူတွေဟာ နားလည်လာကြလိမ့်မယ်။ ကျုပ်ဖော်ပြခဲ့တဲ့

mgyoe.com

mgyoe.com

အတိုင်း လူအများအေးဖြစ်ဖို့ ဘာ့ကြောင့် သည်အမှုမျိုးကို အခွင့်ပြုထားကြပါလိမ့်မလဲလို့ အံ့ဩလာကြလိမ့်မယ်။ မိန်းမတို့ရဲ့ ကိုယ်ကာယကို တန်ဆာဆင်ပြီး၊ ထိုသို့တန်ဆာဆင်ယင် မွမ်းမံထားခြင်းဟာလည်း ကာမဂုဏ်စိတ်ကို ယိုဖိတ်စေဖို့ဖြစ်ရင် လူအများအေးတွေ့ဖို့ မဟုတ်ဘူးလို့ ဘယ်သူဆိုနိုင်သလဲ။ သည်လိုလုပ်တာ ဘာနဲ့တူသလဲဆိုတော့ လူသွားလမ်းမကြီးနဲ့ လမ်းသေး လမ်းငယ်များမှာ ထောင်ချောက်တွေ၊ ပိုက်ကွန်တွေကိုချပြီး ထောင်ထားတာနဲ့တူတယ်။ သည်တွင်မကဘူး သည်ထက်တောင် ဆိုးဝါးသေးတယ်။ ဘာကြောင့်လောင်းကစားပွဲများကိုတော့ တားမြစ်ပိတ်ပင်ပြီး မိန်းမများ လှပဆန်းကြယ်စွာ ဝတ်စားဆင်ယင်အလှပြင်ပြီး လင်ထောင်တာကိုတော့ မတားမြစ်သလဲလို့ ကျုပ်မေးချင်တယ်။ သို့ပေတဲ့ လင်ထောင်မှုဟာ လောင်းကစားမှုထက် အဆတစ်ထောင်မက ကြောက်စရာကောင်းသေးတယ်..."

❑

mgyoe.com

mgyoe.com

# အခန်း (၁၀)

"ဒီနည်းအတိုင်းပဲ ကျုပ်အမိခံရတယ်။ ဒီလိုမိတာကို အများ ပြောစကားနဲ့ဆိုရင်တော့ ကျုပ်ချစ်ကြိုက်သွားတယ်လို့ ခေါ်မှာပေါ့။ ကျုပ်မိန်းမကို ကြန်အင်လက္ခဏာနဲ့ အပြည့်စုံဆုံးလို့ ကျုပ်စိတ်ထဲမှာ ယူဆထားတဲ့အပြင် သူနဲ့ကြင်နာယုယစွာ စကားပြောဆိုနေတဲ့ အခါ များမှာလည်း ယောကျ်ားတိုင်းဟာ ကျုပ်လိုပဲ လုပ်သင့်တယ်လို့ ယူဆ သေးတယ်။ အမှန်တော့ လောကကြီးမှာ လူတစ်ဦးတစ်ယောက်ဟာ ဘယ်လောက်ပင် ယုတ်မာဆိုးညစ်တယ်ထားဦး သူဟာ သေသေချာချာ ရှာရင် သူ့ထက် အဖက်ဖက်မှာ ဆိုးသွမ်းယုတ်မာတဲ့ လူဆိုးလူညစ် တစ်ဦးကိုတော့ အမှန်တွေ့လိမ့်မယ်။ ဒါကြောင့် ထိုသူဟာ ဖြေဖျော် စရာ ကျေနပ်စရာရတယ် ...."

"ကျုပ်လည်းသည်အတိုင်းပဲ၊ ကျုပ်ဟာ ပိုက်ဆံကိုမက်ပြီး လက်ထပ်တာမဟုတ်ဘူး။ ကျုပ်ရဲ့မိတ်ဆွေသင်္ဂဟအများပဲ၊ မိန်းကလေး ရဲ့အမွေပစ္စည်းနဲ့ ဩဇာရှိတဲ့ မိတ်ဆွေများကြောင့် လက်ထပ်ကြပေတဲ့ ကျုပ်ဟာ အမြတ်ရဖို့ကိုမျှော်ပြီး မယားရွေးချယ်တာမဟုတ်ဘူး။

mgyoe.com

mgyoe.com


ကျုပ်က ချမ်းသာတယ်၊ မိန်းကလေးက ဆင်းရဲတယ်။ သည်ဟာက အချက်တစ်ချက်ဖြစ်တယ်။ ကျုပ်ဂုဏ်ယူတဲ့ နောက်တစ်ချက်ကတော့ အခြားသူတွေ လက်ထပ်ကြတာက၊ လက်မထပ်မီက ကလိမ်ခြုံကျပြီး နေထိုင်လာခဲ့သလိုပဲ။ လက်ထပ်ပြီးတဲ့နောက် ဆက်လက်နေထိုင်ဖို့ ရည်ရွယ်ချက်သက်သက်နဲ့ဖြစ်တယ်။ ကျုပ်ကတော့ လက်ထပ်ပြီးတဲ့နောက် ကျုပ်မိန်းမအပေါ်မှာ သစ္စာစောင့်ဖို့ရန် ခိုင်မြဲတဲ့ရည်ရွယ်ချက်နဲ့ ဖြစ်တယ်။ သည်လိုနေထိုင်မယ့်အတွက်ကိုလည်း ကျုပ်ဟာ မိုးမဆုံး လေမဆုံး ကိုယ့်ကိုယ်ကိုယ် ကိုယ်အထင်ကြီးထားတယ်။ အမှန်ပါပဲ။ သည်လိုရည်ရွယ်ချက်ကြောင့် ကျုပ်ကိုယ်ကိုကျုပ် နတ်သားများဖြစ်လေရော့သလားလို့ ထင်မိတယ် ....”

“လက်မထပ်မီ၊ ကြောင်းလမ်းစေ့စပ်ထားတဲ့ အချိန်ဟာ ကျုပ်ကိစ္စမှာ သိပ်မကြာဘူး။ သည်အချိန်အကြောင်းကို ကျုပ်စဉ်းစားမိတိုင်း ရှက်တယ်။ ဘယ်လောက်စက်ဆုပ်ဖွယ် ကောင်းသလဲလို့။ ကျုပ်တို့ လင်မယားကို ပေါင်းစည်းချည်နှောင်ပေးတဲ့အချစ်ဟာ မွန်မြတ်တဲ့ အချစ်လို့ထင်မိတယ်။ အကယ်၍ ကျုပ်တို့ရဲ့အချစ်နဲ့ ကျုပ်တို့ရဲ့ စိတ်ကူးတွေဟာ မွန်မြတ်ပါသဖြင့်ရင်၊ ကျုပ်တို့နှစ်ဦး ပြောဆိုကြတဲ့ စကားတွေဟာ သည်မွန်မြတ်တဲ့သဘောကို ဖော်ပြတာတွေဖြစ်ရမယ်။ အမှန်မှာတော့ သည်လိုမွန်မြတ်တဲ့ သဘောဆိုလို့ ဘာတစ်ခုမှမရှိဘူး။ ကျုပ်တို့နှစ်ယောက်လည်းရှိတာနဲ့ တစ်ပြိုင်နက် စကားမပြောနိုင်ကြတော့ဘူး။ ခြင်းကြားကြီးနဲ့ ရေကိုသယ်တာမျိုးလိုပဲ၊ ကျုပ်ဟာ အကြောင်းတစ်ခုကို စဉ်းစားပြီး ပြောလိုက်တယ်။ ပြောပြီးရင် ရပ်သွားပြန်တယ်။ တစ်ခါ အခြား တစ်ခုအကြောင်းကို ပြောဖို့ စဉ်းစားပြန်တယ်။ ဘာမှလည်း ပြောစရာ ရှာမရဘူး။ ကျုပ်တို့ အကြင်လင်မယားဖြစ်ကြရင် ဘယ်နည်း ဘယ်ပုံ နေမယ်ဆိုတဲ့ နေရေးထိုင်ရေးအတွက်

mgyoe.com

mgyoe.com


စိမ်စရာအချက်တွေဟာလည်း အားလုံးဆွေးနွေး တိုင်ပင်ပြီးသားဖြစ်နေတယ်။ သည်တော့ ဘာမှပြော ဖို့မလိုတော့ဘူး။ ကျုပ်တို့ဟာ တိရစ္ဆာန်တွေသာဖြစ်ရင် ကျုပ်တို့စကား ပြောဖို့ မလိုတော့ဘူးဆိုတာကို ရိပ်မိကြလိမ့်မယ်။ သို့ပေတဲ့ တိရစ္ဆာန်တွေမဟုတ်လေတော့ စကားပြောဖို့ ဘာအကြောင်းမှ မရှိဘဲနဲ့လည်း စကားပြောနေကြတော့တာပဲ။ သည်လိုဖြစ်နေကြတဲ့အထဲမှာ ကျက်သရေမရှိတဲ့ ထုံးစံတွေက လာပြီးရှုပ်လိုက်သေးတယ်။ အချို အချဉ်တွေ စားရတာတို့၊ ထမင်းပွဲကြီး တည်ခင်းကျွေးမွေး စားသောက်ကြတာတို့၊ လက်ထပ်ဖို့အတွက်နဲ့ ပတ်သက်တဲ့ တည်းခိုအိမ်အတွက် စဉ်းစားရတာတွေ ဇနီးလုပ်သူ နံနက်ခင်းဝတ်ဖို့ အဝတ်တို့၊ ကျုပ်အဖို့ နံနက်ဝတ်ရန် အဝတ်တို့ အိပ်ရာခင်းနဲ့ ပြင်ဆင်ဖြီးလိမ်းစရာတွေစသဖြင့် မဆုံးနိုင်အောင်ပါပဲ ....”

❑

mgyoe.com

mgyoe.com

## အခန်း (၁၁)

"ဒီလိုနဲ့ အခြားသူများ လက်ထပ်ကြသလိုပဲ ကျုပ်ဟာလည်း လက်ထပ်လိုက်တယ်။ ထို့နောက် အကြီးအကျယ် ချီးမွမ်းနေကြတဲ့ "ဟန်းနီးမွန်း"လက်ထပ်ပြီးစ နှစ်ဦးတည်းခရီးထွက်တဲ့အချိန်ကို ရောက်လာကြတယ် ..."

"တစ်နေ့ ပဲရစ်မြို့တော်မှာ လျှောက်လည်နေတုန်းမှာ အဆန်းတကြယ် ကြည့်ရှုစရာတွေကို ရှေးရှုနေခိုက်မှာ မုတ်ဆိတ်ရှိတဲ့ မိန်းမတစ်ယောက်နဲ့ ပင်လယ်ဖျံပုံ ရေးဆွဲထားတဲ့ ဆိုင်းဘုတ်တစ်ခုကို သွားတွေ့တယ်။ မုတ်ဆိတ်မွေးနဲ့ မိန်းမဟာက မိန်းမအဝတ်ခပ်တိုတိုကို ဝတ်ထားတဲ့ ယောကျ်ားကြီးဖြစ်နေပြီး ပင်လယ်ဖျံကတော့ ခွေးကိုဖျံရေဝတ်ပြီး ရေပြည့်နေတဲ့စည်ထဲမှာ ကူးခိုင်းထားတာတွေ့ရတယ်။ သည်ဟာကိုမြင်ရတာ စိတ်ရှုပ်တာနဲ့ ထွက်လာခဲ့တော့ ပြပွဲပိုင်ရှင်က ကျုပ်ကို အပြင်ကို ရိုသေစွာတွဲခေါ်လာတဲ့ပြီး တံခါးအပြင်ဘက်မှာ စောင့်နေကြတဲ့ ပရိသတ်တွေကို ကျုပ်ကို လက်ညှိုးထိုးပြပြီး "ပြပွဲဟာ ကြည့်ထိုက်တယ် မကြည့်ထိုက်ဘူးဆိုတာ ဟောဒီ လူကြီးလူကောင်း

mgyoe.com